# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၁၇) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့် ၊ ၁၇-၁၀-၂၀၂၄ ၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က မဟာဇနက ဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၃ သို့ ★

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။ **နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်ပါသည်။ **နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၁၇ ရက်၊ ကြာသပတေးနေ့။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ခုနှစ်၊ ဝါဆိုလပြည့် ညနေပိုင်းတွင် တာဝတိံသာ နတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန်ဖြစ်သည်။ သတ္တမဝါကပ်တော်မူပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်တော်မူခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့သည် ပြီးခဲ့သည့် ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုဝါကပ်တော်မူခဲ့သော ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပြည့်မြောက်ပြီး ဝါထွက်တော်မူသည့်နေ့ ဖြစ်သည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ သီတင်းသုံးရာမှ ကျွတ်လွတ်သောကာလကို ဝါကျွတ်ကာလဟု ဆိုသည်။

သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များအတွက် ဝါလကင်းလွတ်သောနေ့။ ဝေနေယျ သတ္တဝါများအတွက် မြတ်စွာဘုရားရှင်ကိုရည်မှန်း၍ မိခင်ကျေးဇူးဆပ်သောနေ့၊ ဓမ္မဒေသနာ အဆီအနှစ် အဘိဓမ္မာတရား စတင်နာကြားရသည့်နေ့ အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်။ မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ရွာ သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ဆင်းသက်တော်မူသည်။ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရား ရှင်အား ကြိုဆိုကြလေသည်။ ဤသီတင်းကျွတ်လတွင် သင်္ကာသနဂိုရ်မှ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းထောင်ချီ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် သီတင်းကျွတ်ကာလတွင် မီးထွန်းပွဲတော်ကျင်းပကြသည်။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ် သတ်မှတ်ကာ ပူဇော်ကြလေသည်။

သီတင်းကျွတ်ကာလသည် မိုးအကုန် ဆောင်းကူးမည့်ကာလဖြစ်၍ ဝန်းကျင်တစ်ခွင်အေးချမ်းနေသည်။ ရာသီဥတု မှာ ကောင်းကင်တစ်ခွင် ကြည်လင်နေပြီး ထိုအချိန်ကာလတွင် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ဆီမီးပူဇော်ခြင်းသည် ကျက်သရေ မင်္ဂလာရှိလှသည်။

ဝါကျွတ်ချိန်ကား မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါတရားအလှ၊ ဖြူစင်သော မနောအလှ၊ ခိုင်မာသော ယဉ်ကျေးမှုအလှများကို ဖော်ကျူးသော အချိန်အခါလည်း ဖြစ်သည်။

သီတင်းကျွတ်လတွင် နှစ်သက်ဖွယ်ကောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ရှိသည်။

တပည့်သားမြေးများက မိဘ၊ဘိုးဘွား၊ဆရာသမားများကို ကန်တော့သည့် အစဉ်အလာဖြစ်သည်။လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရိုကျိုးနှိမ့်ချ မာန်မာနကို ခဝါချသော အစဉ်အလာဖြစ်၍ မင်္ဂလာရှိလှသည်။

သို့ဖြစ်ရာဗုဒ္ဓဘာသာဝင်များအနေဖြင့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ထူးနေ့မြတ်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ခြင်းဖြစ်စေ၊ နာကြားခြင်းဖြစ်စေ မွန်မြတ်ကောင်းမွန်သော ကုသိုလ်အမှုတို့ကို မိသားစုများ ပြုလုပ်ခြင်းဖြင့် ကောင်းသောအကျိုးများ တိုးပွားရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်အား သင်တန်းသားသံဃာတော်များက အာစရိယပူဇာအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)အရှင်မြတ်အား ကထိကဆရာတော်များ၊ အမှတ်စဉ်(၁၉)သင်တန်းသား သံဃာတော်များက အာစရိယပူဇာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီတွင် အဆိုပါသင်တန်းကျောင်းရှိ သာသနဝိလာသိနီသိမ်တော်ကြီးတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကထိကဆရာတော်များ၊ အမှတ်စဉ်(၁၉)သင်တန်းသား သံဃာတော်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော်က ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြသည်။ **(ယာပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာတော်အား ကထိက ဆရာတော်များ၊ အမှတ်စဉ်(၁၉)သင်တန်းသား သံဃာတော်များက သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)အရှင်မြတ်က ဩဝါဒကထာမြွက်ကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်း၍ ကျောင်းအုပ်ဆရာတော်၊ ကထိကဆရာတော်များနှင့် အမှတ်စဉ်(၁၉)သင်တန်းသား သံဃာတော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(၀၃၆)



## မဟာလောကမာရဇိန်ကုသိုလ်ဘုရားနှင့် စန္ဒာမုနိဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဆွမ်းသပိတ်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ ရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကမာရဇိန်ဘုရားနှင့် စန္ဒာမုနိဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါန ဆွမ်းသပိတ်လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၂ရက် အောက်တိုဘာ ၁၉ရက် နံနက်တွင် မန္တလေး လေးပြင်လေးရပ်မှ ပင့်သံဃာ ၂၇၀၀ပါးအား ဆွမ်း၊ ဆွမ်းဟင်းနှင့် ဝတ္ထုငွေများ လောင်းလှူသွားမည်ဖြစ်သည်။



(၁၃၄)ကြိမ်မြောက် သံဃဒါနဆွမ်းသပိတ်လောင်းလှူပွဲအတွက် စေတနာရှင်များက ဆွမ်းသပိတ်များ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၁၅ရက်က မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း+သီဟသုဓမ္မသိင်္ဂီဒေါ်သွင်သွင် မိသားစုက ဆွမ်းသပိတ် (၅၀)လုံးအတွက် ငွေကျပ် ၁၅သိန်း၊ မန္တလေးတောင်ဂေါပကအဖွဲ့က ငွေကျပ် (၁၀)သိန်း၊ မဟာလောကရန်နိုင်အောင်တော်မူဘုရားဂေါပကအဖွဲ့က ဆွမ်းသပိတ် (၁၁)လုံးငွေကျပ် ၃၃၀၀၀၀နှင့် မဟာအောင်မြေမြို့နယ် ၃၅လမ်းနေ ဦးဝင်းဆွေဦး+ဒေါ်ခင်ဆန်းလွင်(ချစ်ဆွေပရိဘောဂ)က ဆွမ်းသပိတ် ၃လုံး ငွေကျပ် ၉၀၀၀၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၀၄၅)

## အသက် ၁၀၀နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂါရဝပြုထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ကွပ်ကဲမှုအောက်ရှိ မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် စိန်ပန်းရပ်ကွက် ဌမ်းရုံဈေးရပ်နေ အသက်(၁၀၀)နှစ်ပြည့် မော်ကွန်းဝင် ဒုတိယအဆင့် တပ်သားချစ်မောင်(ငြိမ်း)အား ဂါရဝပြုထောက်ပံ့ငွေများကို ယနေ့ နံနက်ပိုင်းက သွားရောက်ပေးအပ်ကြသည်။**(ယာပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဝင်ဇော်စိုး(ငြိမ်း)၊ မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသက်နိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများက အသက်(၁၀၀)ပြည့် မော်ကွန်းဝင် ဒုတိယအဆင့် တပ်သားချစ်မောင်(ငြိမ်း)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်)မှ ထောက်ပံ့ငွေ ကျပ် ၅၀၀၀၀ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌကိုယ်စား မန္တလေးတိုင်း(စည်ပင်အတွင်း)ဥက္ကဋ္ဌကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကြီးကြပ်(စည်ပင်အတွင်း)မှ ငွေကျပ် ၅၀၀၀၀ကို အတွင်းရေးမှူးကလည်းကောင်းနှင့် မဟာအောင်မြေမြို့နယ်မှ ငွေကျပ် ၅၀၀၀၀ကို မြို့နယ် ဥက္ကဋ္ဌတို့က ဂါရဝပြုထောက်ပံ့ ပေးအပ်ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

★ ရှေ့ဖုံးမှ

အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေသည့် ဗိုလ်လောင်းများ၊ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနက ဇာတ်တော်ကြီးတီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင်ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု "မဟာဧရာ" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ ယနေ့တွင် မွန်ပြည်နယ် ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီး အဖွဲ့များက သတ်မှတ်ရက်များ အလိုက် ဆက်လက်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဇာတ်တော်ကြီး ပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က မဟာဇနကဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ဧည့်ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



ဇာတ်တော်ကြီး ပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့ မဟာဇနက ဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေစဉ်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သဏ္ဍာဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး**ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်မြရံခြယ်"(မွန်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုယ့်ရပ်ဌာနေ" သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နွေမိုးဆောင်း" သီချင်းဖြင့်လည်းကောင်း သီချင်းများ၏ ရသပေါ်လွင်အောင် ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ ရသစုံလင်လှသည့် အဆို၊ အပြောများ၊ အကအလှများဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ကကြိုးကကွက်စုံလင်စွာဖြင့် လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**သံစဉ်ထည့်သွင်း လေ့ကျင့်သီဆို**

အရေးပြိုင်ပွဲ (**သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့် သီဆိုခြင်း**)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်**ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြိုင်ယံရွှေလျှံ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်ဦးမောင့်ထံ ပြန်လာပါ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တယော အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား**ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟောဝန်လယ်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး**ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီတာရတနာ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပြည်ကြီးရော" (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**နှဲ**ပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ စာမျက်နှာ ၅ သို့ »»



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်နှင်းနှင်းဝေ တီးခတ်ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား နှဲပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်အောင်ကိုခန့် တီးမှုတ်ယှဉ်ပြိုင်စဉ်။

»» စာမျက်နှာ ၄ မှ

ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မြေသာစံ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းညောင်လှိုင်ဘွဲ့” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်း ဒေသကြီး၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မှိုင်းရိပ်ကယ်တည့်” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်ခန်းကျွန်းတွင်း” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထွေတလာ” (ကြိုး) သီချင်းဖြင့် လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### တီးခတ်ယှဉ်ပြိုင်

ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ**ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် **ဝါသနာရှင်အဆင့် (ပထမတန်း)** ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဓာတ်တော်ကြီးဖြင့် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဓာတ်တော်ကြီး** ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဓာတ်ရုံ၌ ကျင်းပရာ ဓာတ်တော်ကြီးအဖွဲ့လိုက် **ဝါသနာရှင်အဆင့် (ပထမတန်း)** ပြိုင်ပွဲတွင် “မဟာဇနက” ဓာတ်တော်ကြီးဖြင့် မွန်ပြည်နယ် ကိုယ်စားပြု မင်းနိုင်စိုး ဓာတ်တော်ကြီးအဖွဲ့က မူရင်းဓာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဓာတ်သဘင်၏ ဆို၊ ငို၊ ပြောပညာရပ်များ၊ အကအလှများဖြင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

### ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးထွန်းအုံ၊ ဒေါက်တာသက်ခိုင်ဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

### ပြိုင်ပွဲများပါဝင်

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ အဆိုပြိုင်ပွဲတွင် အဆင့်အားလုံးပါဝင်ယှဉ်ပြိုင်နိုင်သည့် မဟာဂီတအဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေး/ကာလပေါ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်များ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲများ ပါဝင်သည်။

**အကပြိုင်ပွဲ**တွင် အမျိုးသား/အမျိုးသမီးအဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မင်းသား၊ မင်းသမီး အကပြိုင်ပွဲ၊ အမျိုးသမီး ၁၆ ဦးပါဝင်သည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ကဗျာလွတ်အက (ပထမအဆင့်) ပြိုင်ပွဲ၊ တိုင်းရင်းသား ရိုးရာအကသို့မဟုတ် ကျေးလက်ရိုးရာအကပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ပါဝင်ယှဉ်ပြိုင်ကြမည့် ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲတို့ ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားခေတ်ဟောင်းတေး/ ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ခန့်ထည်အောင် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဆိုင်းဝိုင်းကြီးအဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို ဧည့်ပရိသတ်များ ကြည့်ရှုအားပေးစဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်မြို့ သီတင်းကျွတ် ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၆**

အနော်ရထာမင်းလက်ထက်မှစတင်၍ ရိုးရာမပျက် ကျင်းပလာသည့် နှစ်ပေါင်း ၉၀၀ ကျော်ရှိပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် ဒေည့်ပရိသတ်တို့က ဒေည့်ခံဆင်အဖွဲ့မှ အောင်စေပိုင်စေသီချင်းဖြင့် ဆင်အကအလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ဆင်အဖွဲ့များမှ မြန်မာပြည်သား သီချင်းဖြင့် သီဆိုမှုများကို ကြည့်ရှုအားပေးနှုတ်ဆက်ပြီးဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

ကျောက်ဆည်မြို့ဆင်ပွဲတော်သည် သက္ကရာဇ်(၃၇၉) ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင်အနော်ရထာမင်းသည် သက္ကရာဇ်(၃၉၅)ခုနှစ်တွင် ကျောက်ဆည်မြို့ ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်းကန်ချောင်းတို့ကို တည်ဆောက်ဆည်ဖို့တော်မူခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက် စွယ်တော်ပွားကို အရှင် အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူတော်)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့ရာ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ်ကျောက်ဆည်တည်ရာ သာလျောင်းတောင်ထိပ်သို့ တက်ကြောင်း၊ တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ သံရွာနယ်တောင်တော် တောင်ထက်တက်၍ ခေတ္တရပ်ပြီး ထိုမှ ခရွေတောင်သို့တက်၍ ဝပ်လေကြောင်း၊ သက္ကရာဇ်(၃၉၅)ခုနှစ်တွင် သာလျောင်း တောင်ထိပ်နှင့်ခရွေတောင်ထိပ်တို့တွင် တစ်ပြိုင်တည်း စေတီတစ်ဆူစီကို တည်တော်မူပြီး သာလျောင်းတောင်ထိပ်တည်သောစေတီကို ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် ရွှေသာလျောင်းစေတီတွင် သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ (ဆင်ဖြူတော်)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော် အမှုပေးစေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်းကြီးလက်ထက်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်း(၉၀၀)ကျော် နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ကြောင်း၊ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရိုးရာ အစဉ်အလာမပျက် ရိုးရာပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း(၁၄) ရက်တွင် ဆင်အကအလှပြိုင်ပွဲ ကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင်လှူဒါန်းပွဲအား နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲတွင် ဂုဏ်ပြုဆင်၊ ရိုးရာဆင် (လူကြီး၊ ကလေး) တီထွင်ဆန်းသစ်မှုဆင်၊ ဘော်ကြယ်ဆင်၊ သက်ကြီးဆင်၊ ဧည့်ခံဆင်၊ ဈေးပတ်ဆင်များ စုစုပေါင်း ၇၄ စီးဖြင့် ပါဝင်နွှဲခဲ့ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀











# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး အောက်တိုဘာ ၁၆**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းကြား လမ်းတစ်လျှောက်တွင် အလှဆင်မီးများ ထွန်းညှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် ပုဂံရွှေစည်းခုံပုံတူ စေတီတော်အား ဆီမီး ၁၀၀၀၀ ပူဇော်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်လပြည့် နေ့ညဥ့် ဆီမီး ၁၀၀၀၀ မီးထွန်းညှိပူဇော်ပွဲနှင့်အတူ ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းအထိ လမ်းတစ်လျှောက် လျှပ်စစ်အလှဆင်မီးများ ထွန်းညှိခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တေးဂီတများ ဧည့်ခံဖျော်ဖြေခြင်း၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








သတင်း-စာမျက်နှာ ၆





# လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲမည်မဟုတ်ဟု အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟု အတည်ပြု



**ဂျေရုဆလင် အောက်တိုဘာ ၁၆**

နှစ်နိုင်ငံနယ်စပ် လုံခြုံရေးအတွက် လက်ဘနွန်အစိုးရက အစ္စရေးနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မျဉ်းမှ သတ်မှတ်ထားသော အကွာအဝေးတစ်ခုအထိ ဟစ်ဇဘိုလာပြောက်ကျားများမရှိသော စစ်မဲ့ဇုန် မရှိသေးသ၍ အစ္စရေးက လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲမည်မဟုတ်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟုက အောက်တိုဘာ ၁၅ ရက်တွင် အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးက မိမိတို့တပ်ဖွဲ့ဝင်များကို လက်ဘနွန်နိုင်ငံထဲအထိ ထိုးစစ်ဆင်တိုက်ခိုက်လာသဖြင့် တန်ပြန်တိုက်ခိုက်ခြင်းဖြစ်ပြီး အစ္စရေးဘက်က အပစ်အခတ်မရပ်စဲလျှင် ၎င်းတို့၏ နိုင်ငံနယ်နိမိတ်ထဲအထိ ဖြန့်ကြက်တိုက်ခိုက်သွားမည်ဟု ဟစ်ဇဘိုလာ ဒုတိယခေါင်းဆောင် နာအင်မ်ကွက်ဆင်မ်က သတိပေးခဲ့သည်။

ထိုသို့ သတိပေးပြီးနောက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟုက ယင်းကဲ့သို့ တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မက်သယူးမီလာကမူ လက်ဘနွန်နိုင်ငံဘက်သို့ အစ္စရေး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကို ဆန့်ကျင်ကန့်ကွက်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ သုံးနှစ်အရွယ် ပေါင်လီနှင့် ချင်းပေါင်ဟု အမည်ရသော ပန်ဒါမောင်နှံ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ် အောက်တိုဘာ ၁၅ ရက်က ဒူးလက်စ်လေဆိပ်သို့ ဆိုက်ရောက်လာစဉ်။

**Mon**





# အင်္ဂလန်ဘဏ်၏ အတိုးနှုန်း လျှော့ချခဲ့ရာမှ စက်တင်ဘာလငွေကြေးဖောင်းပွမှု လျော့ကျခဲ့

**လန်ဒန် အောက်တိုဘာ ၁၆**

အင်္ဂလန်ဘဏ်၏ အတိုးနှုန်းကို သုံးနှစ်ခွဲအတွင်း အနိမ့်ဆုံးအထိ လျှော့ချခဲ့ရာမှ စက်တင်ဘာလတွင် ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုပမာဏ မမျှော်လင့်ဘဲ လျော့ကျခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်း ခတ်ဆီ၊ ဒီဇယ်ဈေးနှုန်းများ လေယာဉ်လက်မှတ်တန်ဖိုးများ လျော့ကျလာပြီးနောက် စက်တင်ဘာလငွေကြေးဖောင်းပွမှုပမာဏ ၁ ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိ အင်္ဂလန်ဘဏ်၏ အတိုးနှုန်းမှာ ၅ ရာခိုင်နှုန်းဖြစ်ပြီး ဩဂုတ်လကတည်းက လျှော့ချခဲ့သည့် အတိုးနှုန်းအတိုင်း ဖြစ်သည်။

ဒီဇင်ဘာလအတွင်း အင်္ဂလန်ဘဏ်၏ အတိုးနှုန်းကို နောက်တစ်ဆင့်လျှော့ချဦးမည်ဖြစ်ရာ စတာလင်ပေါင်ငွေတန်ဖိုး တက်လာခဲ့သည်မှာ အလားအလာကောင်းပင်ဖြစ်ကြောင်း ဘဏ္ဍာရေး ကျွမ်းကျင်သူများက သုံးသပ်သည်။

နှစ်ကုန်ပိုင်း ဒီဇင်ဘာလအတိုးနှုန်းလျှော့ချခြင်း မလုပ်ဆောင်မီ နိုဝင်ဘာလထဲတွင် ငွေကြေးဖောင်းပွမှု အပြောင်းအလဲများ ရှိလာနိုင်ကြောင်း သိရသည်။

**Mon**



# အိုင်ပက်အသေးစားလေးများ ဈေးကွက်ထဲရောက်လာ တစ်လုံးလျှင် စင်ကာပူဒေါ်လာ ၆၉၉ ဖြင့် ဝယ်ယူနိုင်မည်

**စင်ကာပူ အောက်တိုဘာ ၁၆**

အမေရိကန်အခြေစိုက် အက်ပဲလ်ကုမ္ပဏီက အောက်တိုဘာ ၁၅ ရက်တွင် အိုင်ပက်အသေးစားလေးများကို စတင်ဖြန့်ဖြူးလိုက်ပြီဖြစ်ရာ စင်ကာပူဈေးကွက်ထဲသို့ ရောက်လာသော အိုင်ပက်အသေးစားတစ်လုံးလျှင် စင်ကာပူဒေါ်လာ ၆၉၉ မှစတင်၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အက်ပဲလ်၏ ကိုယ်ပိုင်မှတ်ဉာဏ်တုစနစ် ထည့်သွင်းထားသော ယင်းအိုင်ပက်အသေးစားလေးများကို စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၂၃ ရက်မှစတင် ဝယ်ယူနိုင်မည်ဟု ဆိုသည်။

၁၂၈ ဂစ်ဂါဘိုက်မှတ်ဉာဏ်ပါရှိသော အိုင်ပက်အသေးစားကို စင်ကာပူဒေါ်လာ ၆၉၉ ဖြင့် တန်ဖိုးအနည်းဆုံး သတ်မှတ်ထားပြီး ၅၁၂ ဂစ်ဂါဘိုက်မှတ်ဉာဏ်ပါသော အိုင်ပက်အသေးစားကိုမူ စင်ကာပူဒေါ်လာ ၁၁၄၉ ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

အရောင်းဖွင့်သောနေ့ရက်တွင် အက်ပဲလ်အရောင်းပြခန်းသို့ သွားရောက်ကာ ဝယ်ယူနိုင်သကဲ့သို့ ကြိုတင်မှာယူသောစနစ်ဖြင့်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**





# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# အငှားကားပျံဝန်ဆောင်မှု အမေရိကန်ဈေးကွက်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန် လိုအပ်



**ဝါရှင်တန် အောက်တိုဘာ ၁၆**

လာမည့် ၂၀၃၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် အမေရိကန်ပြည်ထောင်စု၌ အငှားကားပျံများ အပြိုင်အဆိုင် ပေါ်ထွန်းလာတော့မည်ဟု ကျွမ်းကျင်သူများက တွက်ချက်ထားကြသည်။

အငှားကားပျံ ထုတ်လုပ်မှုနည်းပညာ အဆင့်မြင့်လာပြီး မြို့ပြအသီးသီးရှိ ခရီးသည်ပို့ဆောင်ရေးကုမ္ပဏီများက ကားပျံများဖြင့် လက်တွေ့ဝန်ဆောင်မှုပေးရန် စိတ်အားထက်သန်နေသော်လည်း မြို့အများစု၌ အသင့်မဖြစ်သေးကြောင်း မော်ဒေါမှတ်ဉာဏ်အဖွဲ့အစည်းက ထောက်ပြသည်။

အထူးသဖြင့် မြို့တွင်း ပျံသန်းသွားလာမည့် အငှားကားပျံများကို စီးနင်းမည့်ခရီးသည်များ ဘေးကင်းလုံခြုံစေရန် သက်ဆိုင်ရာက ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန် လိုအပ်နေသေးကြောင်း သိရသည်။

**Mon**

# အသက် ၉၉ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြင့် ဆေးကုသမှု ခံယူနေရ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၆**

အသက် ၉၉ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်သည် ဆေးရုံတက်ရောက်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြင့် ဆေးကုသမှု ခံယူနေရသည်ဟု ၎င်း၏ရုံးအဖွဲ့က အောက်တိုဘာ ၁၆ ရက်တွင် အတည်ပြုကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

နှလုံးခွဲစိတ်ကုသမှု ခံယူပြီးနောက် ၎င်းအနေဖြင့် ယခုနှစ်အတွင်း ကျန်းမာရေးချူချာကာ ဆေးရုံ အကြိမ်ကြိမ် တက်ခဲ့ရသည်။

ယခုအကြိမ် ဆေးရုံတက်ရသဖြင့် ၎င်းက ဒုတိယဝန်ကြီးချုပ်ဟောင်း အာမက်ဇာဟစ်ဟာမီဒီကို စွဲဆိုထားသည့် အသရေဖျက်မှု တရားခွင်သို့ မတက်ရောက်နိုင်တော့ဘဲ ပျက်ကွက်ခဲ့ကြောင်း သိရသည်။

**Mon**

# အာဖရိကတောင်ပိုင်းနိုင်ငံများ၌ မိုးခေါင်ရေရှားသဖြင့် လူပေါင်း ၂၇ သန်းကျော် ဘေးဒုက္ခကြုံနေရသည်ဟု ဆို

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အန်ဂိုလာ၊ လီဆိုသို၊ မာလာဝီ၊ နမီးဘီးယား၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေစသော အာဖရိကတောင်ပိုင်းနိုင်ငံများ၌ ယခုနှစ်အတွင်း မိုးခေါင်ရေရှားသဖြင့် လူပေါင်း ၂၇ သန်းကျော် ဘေးဒုက္ခကြုံနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမိုင်းဝင် သောက်သုံးရေရှားပါးမှုပြဿနာကြီးစွာကြုံတွေ့နေရသော ထိုနိုင်ငံများတွင် ကလေးသူငယ်ပေါင်း ၂၁ သန်းခန့် အာဟာရပြတ်လပ်နိုင်သည်ဟု ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က သတိပေးထားသည်။

အောက်တိုဘာလတွင် အာဖရိကတောင်ပိုင်းဒေသတစ်ဝန်းခြောက်သွေ့သွားလေ့ရှိရာ အထူးသဖြင့် အန်ဂိုလာနှင့် မိုဇမ်ဘစ်နှစ်နိုင်ငံတွင် မိုးခေါင်ရေရှားမှု အခြေအနေ ပိုမိုဆိုးရွားလာမည်ဟု ကျွမ်းကျင်သူများက သတိပေးသည်။

မိုးမရွာသွန်းရာမှ မြစ်၊ ချောင်းများထဲတွင် ရေခန်းခြောက်နေပြီး ရေအားလျှပ်စစ်လည်း မရတော့ဘဲ အာဖရိကတောင်ပိုင်းတွင် အများသုံးလျှပ်စစ်ဓာတ်အား ပြတ်တောက်နေသည်မှာ ၅ လကျော် ကြာမြင့်နေပြီဟု ဆိုသည်။

နမီးဘီးယားနှင့် ဇင်ဘာဘွေနှစ်နိုင်ငံတွင် ဒေသထွက်သီးနှံစားနပ်ရိက္ခာမရှိသဖြင့် မကြာသေးမီက တောဆင်ရိုင်းကို သတ်ဖြတ်ပြီး မျှဝေစားသောက်ခဲ့ရကြောင်း သိရသည်။

**Mon**



## ဇေယျာသီရိဈေး၌ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်

**မင်းလှ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ဇေယျာသီရိဈေးတွင် မီးဘေး လုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့မှ အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ ဇေယျာသီရိဈေးအတွင်းရှိ ဈေးဆိုင်ခန်းများအား သန့်ရှင်းသပ်ရပ်စွာဖြင့် ရောင်းချမှု ရှိ၊ မရှိနှင့် ဈေးအတွင်း မီးဘေးလုံခြုံရေးဆိုင်ရာများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးသတ်ရေကန်များတွင် ရေသိုလှောင်ထားရှိမှုများ၊ မီးဘေးကာကွယ်ရေးအတွက် ဒိုင်းရှင်းများနှင့် အမြင့်တင် ရေစုပ်စက်များအား ကြံ့ခိုင်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ဈေးရောင်းချသူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀





## မန္တလေးမြို့ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး လမ်းအမှတ်သားများ ရေးဆွဲ၊ လမ်းကာတုံးများ ပြုပြင်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့၊ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနက အဓိကကျသော လမ်းဆုံများတွင် ပလက်ဖောင်းများ ပြုပြင်ပြီး လမ်းကာတုံးများတိုးချဲ့တပ်ဆင်ပေးလျက်ရှိသည်။ မော်တော်ယာဉ်များပြားလာပြီး ယာဉ်အန္တရာယ်လျော့နည်းစေရေးအတွက် လမ်းမကြီးဖြစ်သော ၆၂ လမ်း၊ မနော်ဟရီလမ်းမှ မြဝတီမင်းကြီးလမ်းအထိ ယာဉ်ကြောအမှတ်သားများ၊ လူကူးမျဉ်းများကို အောက်တိုဘာ ၁၄ ရက်က ရေးဆွဲပေးလျက်ရှိသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်အသုံးပြုမှု တိုးတက်များပြားလာပြီး ယာဉ်အန္တရာယ် လျော့နည်းကျဆင်းလာစေရေးအတွက် ကျုံးပတ်လည်၊ ၃၅လမ်း၊ ၇၈ လမ်းတို့တွင် ဆိုင်ကယ်စီးနင်းရန် သတ်မှတ်ပေးထားသော လမ်းပိုင်းတွင် ဆိုင်ကယ်လမ်းအမှတ်အသားများ ရေးဆွဲပေးထားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ယာဉ်ကြောရှုပ်ထွေးသည့်လမ်းဆုံများ၊ အဓိကလမ်းမကြီးများတွင်လည်း ဆိုလာမီးပွိုင့်အသစ်များ တိုးချဲ့တပ်ဆင်ပေးခဲ့ပြီး လူသွားလာမှုများသောနေရာများတွင် ပလက်ဖောင်းများ တိုးချဲ့ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မောင်ပြည်သူ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် မော်လမြိုင်မြို့၊ (၆)မိုင်ရပ်ကွက်၊ ကံ့ကော်လမ်းနေ သက်ဇော်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅နာရီတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ခွန်ကွန်း(ခ)မင်းသစ်စိုးအား မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် လက်ကိုင်ဖုန်း ၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် သက်ဇော်ဝင်း(၅၂)နှစ်နှင့် ခွန်ကွန်း(ခ)မင်းသစ်စိုး(၄၀)နှစ်တို့အား မြိုင်သာယာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀



## ပုသိမ်-မုံရွာလမ်းတွင် အရှိန်လွန်ပြီး ယာဉ်လမ်းဘေး ထိုးကျ

**ကံမ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့၊ ကြို့ပင်ကျေးရွာအနီး၊ ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ်(၁၅၄/၂-၃)ကြားတွင် အောက်တိုဘာ ၁၄ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က SIDEN အမျိုးအစား အဖြူရောင်ယာဉ်သည် အရှိန်လွန်၍ လမ်းဘေးထိုးကျပြီး သစ်ပင်နှင့်ဝင်ရောက်တိုက်မိကြောင်း သတင်းရရှိသဖြင့် ကြို့ပင်နယ်မြေမီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီးဖြင့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါအမျိုးသား ၃ ဦးထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး ကြို့ပင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

(၀၄၅)



## ရေမော်တာပလပ်ခုံဝါယာရှော့ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၅ လမ်းနှင့် ၁၂၆ လမ်းကြား၊ ရတနာပုံ(စ)ဈေးအပြင် တိုက်ခန်း၊ ဆိုင်ခန်းအမှတ်(A-13)ရှိ ဖိနပ်နှင့် အိတ်အမျိုးမျိုးရောင်းဝယ်ရေးဆိုင်တွင် ရေမော်တာတင်ထားခဲ့ရာမှ မီးပလပ်မဖြုတ်မိသဖြင့် ဝါယာရှော့ဖြစ်ပြီး မီးလောင်မှု အောက်တိုဘာ ၁၄ ရက် ည ၉ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ ဦးသည် မီးငြိမ်းသတ်ယာဉ် ၇ စီး၊ မီးသတ်ရေသယ်ယာဉ် ၃ စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ဆိုင်အတွင်းရှိ ဖိနပ်၊ အိတ်အမျိုးမျိုးပစ္စည်းများ၊ ဆိုင်ကယ်နှစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူအား စက်မှုနယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

## ရေတွင်းဟောင်းအတွင်းပြုတ်ကျသောနွားအား အသက်ရှင်လျက်ဆယ်ယူ

**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ တိုင်းရင်းသားဆေးရုံလမ်း၊ လမ်းသွယ် ၇ ရှိ ရေတွင်းဟောင်းအတွင်းသို့ အောက်တိုဘာ ၁၄ ရက် ည ၈ နာရီ ၅၅ မိနစ်ခန့်က နွား တစ်ကောင် ပြုတ်ကျနေကြောင်း သတင်းရရှိသဖြင့် မုံရွာခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သွားရောက်ဆယ်ယူဆောင်ရွက်ပေးခဲ့ရာ ည ၉ နာရီ ၁၀မိနစ်တွင် အသက် ရှင်လျက်ကယ်ဆယ်နိုင်ခဲ့သည်။

(ယာပုံ)

(၀၄၅)



# ကျွန်မသိသော ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များ

## စာအုပ်ရှုခင်း

စက်တင်ဘာ ၂၆ ရက် မွန်းတည့်ချိန်လောက်တွင် ကျွန်တော်၏ လက်ကိုင်ဖုန်းသို့ ကျွန်တော်မသိသော ဂဏန်းစိမ်းဖြင့် ဖုန်းခေါ်ဆိုမှု ဝင်လာသည်။ အဆိုပါ ဖုန်းနံပါတ်၏ ခေါ်ဆိုမှုကို လက်ခံ၍ စကားပြောဆိုလိုက်ပါသည်။

‘ဟယ်လို….ဦးအောင်မြင့်ပါလားရှင်’

‘ဟုတ်ပါတယ် ခင်ဗျာ’ဟု ပြန်လည်ဖြေကြားလိုက်သည်နှင့် တစ်ဖက်ဖုန်းထဲမှ ‘ကျွန်မ အေးအေးခိုင်(ပညာရေး)’ပါ ဆိုသည့်အသံကို ပြန်ကြားရပါသည်။

‘ဟုတ်‥ ဆရာမကြီး ပြောပါခင်ဗျာ၊ ဘာအကြောင်းရှိပါသလဲ၊ ဘာဆောင်ရွက်ပေးရန် လိုပါသလဲ’ဟု ပြန်လည်ပြောဆိုဖြစ်သည်။ ဆရာမကြီးအေးအေးခိုင်မှ ‘ကျွန်မသိသော ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များ’’စာအုပ်ထွက်ရှိသဖြင့် စာအုပ်လက်ဆောင်ပေးချင်ကြောင်း၊ အိမ်လိပ်စာမေးပြီး လာပေးမည်ပြောသဖြင့် ကျွန်တော်က အားနာသဖြင့် ဆရာမကြီးအေးအေးခိုင်၏ အိမ်သို့ ချက်ချင်းသွား၍ စာအုပ်ယူခဲ့ပါသည်။

ကျွန်တော့်အတွက်စာအုပ်နှင့် ဦးကိုကိုကြီး၊ ဦးကိုကိုနိုင်၊ ဦးအောင်မင်းဦးတို့အတွက်ပါ စာအုပ်များထည့်ပေးလိုက်ပါသည်။ ယခုထွက်ရှိသောစာအုပ်မှာ လေးအုပ်မြောက်ထွက်ရှိသော စာအုပ်ဖြစ်သည်။ ပထမဆုံးထွက်ရှိသောစာအုပ်မှာ ၂၀၁၈ ခုနှစ်တွင် ထွက်ရှိပြီး ခရီးသွားသာသနာပြုဆောင်းပါး ၁၆ပုဒ်ကို စုစည်းထားသည့် ‘လမင်းတစ်ရာသာသည့်ပမာ’ စာအုပ်ဖြစ်သည်။ ဒုတိယစာအုပ်မှာ ၂၀၁၉ခုနှစ်တွင် ဝတ္ထုတို ၂၂ပုဒ်ကို စုစည်းထားသည့် ‘ဘဝတစ်ကွေ့မှတ်တမ်း’ စာအုပ်ဖြစ်သည်။ တတိယစာအုပ်မှာ ၂၀၂၃ခုနှစ်တွင် ထွက်ရှိပြီး အကျဉ်းမျှရေးသားထားသည့် ပုဂ္ဂိုလ် ၂၀၏ အကြောင်း ‘ထူးခြားထင်ရှား ရွှေမန်းသူ၊ ရွှေမန်းသားများ’ စာအုပ် ဖြစ်သည်။


ယခုထွက်ရှိသော ‘ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များ’ စာအုပ်တွင် မြန်ဂုဏ်ဆောင်(ဆရာ ခင်မောင်သိမ်း)၏ အမှာစာနှင့်အတူ ဆောင်းပါး ၈ပုဒ်ကို စုစည်းထားသည်။ စာအုပ်မှာ ရဟန်းသံဃာဆရာတော်လေးပါးနှင့် လူပုဂ္ဂိုလ်များ၏ ဘဝမှန်ကူကွက်ကို ရေးခြယ်ထားခြင်း ဖြစ်သည်။

ကျွန်တော့်မှာ ထိုစာအုပ်ကို တစ်ထိုင်တည်းနှင့် အပြီးဖတ်ရှုနိုင်သော်လည်း စာရေးသူဆရာမကြီး၏ ပြောဆိုမှုအရ စာအုပ်ပြီးမြောက်ရန် အချိန်တစ်နှစ်နီးပါးကြာမြင့်စွာ အပင်ပန်းခံရေးသားခဲ့ရကြောင်းသိရသည်။

စာအုပ်ကို တစ်ထိုင်တည်းနှင့် အပြီးဖတ်နိုင်သည်မှာ ဆရာမကြီးဒေါ်အေးအေးခိုင်၏ စာအရေးအသားပြေပြစ်ညက်ညောမှု အရေးအဖွဲ့တင်ပြမှုတို့ကြောင့် ရှင်းလင်းစွာဖတ်ရှုရခြင်း ဖြစ်လေသည်။

ထို့ပြင် ဆရာမကြီး၏ ဤစာအုပ်ရေးသားရသည့် ရည်ရွယ်ချက်ကို စာရေးသူ၏ ကျေးဇူးတင်လွှာ စာမျက်နှာတွင် ဤသို့ဖော်ပြထားသည်။

ဦးရန်အောင်၊ ဒေါ်အမာ၊ ခင်မောင်နှင်း(ကျောက်ပန်းတောင်း)၊ ကျော်ရင်မြင့်၊ စိုးဝင်းဗိုလ်(အရာတော်)စသည့် စာရေးဆရာကြီးများ၏ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့အကြောင်း ရေးသားထားသည့် စာအုပ်များကို ဖတ်မိသည့်အခါ သူတို့ရေးသားမှတ်တမ်းတင်ခဲ့သဖြင့် ကျွန်မတို့ မသိမမီလိုက်




သော ပုဂ္ဂိုလ်များအကြောင်းကို သိရှိမှတ်သားရပါသည်။ အကြောင်းအမျိုးမျိုးနှင့် မှတ်တမ်းတင်ထိုက်သည့် ပုဂ္ဂိုလ်များစွာရှိပါသည်။ ထိုပုဂ္ဂိုလ်များအနက် ကျွန်မလက်လှမ်းမီရာ ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်ကျော်များကို ရွေးနုတ်တင်ပြခြင်းဖြင့် သူတို့၏ ကြိုးစားအားထုတ်မှု၊ ဇွဲ၊ လုံ့လရှိမှု အခက်အခဲကို ကျော်ဖြတ်နိုင်အောင် ကြိုးစားမှုများသည် အတုယူဖွယ်အားကျဖွယ်အဖြစ် တွေ့ရပါသည်။ ထို့ကြောင့် သူတို့၏ အကြောင်းကို နောင်လာနောက်သားများ မှတ်သားလိုက်နာအတုယူနိုင်ရန် ရေးသင့်သည်ဟု တွေးမိခဲ့ပါသည်။

ဆောင်းပါးရှစ်ပုဒ်စလုံး၏ခေါင်းစဉ်ပေးပုံမှာ စိတ်ဝင်စားဖို့ ကောင်းသည်။ ကာရန်များဖြင့် ချိတ်ဆက်ပြီး ရေးထားသောကြောင့် ဆရာမကြီးအေးအေးခိုင်သည် ကဗျာဓာတ်ခံရှိသည်ဟု ဆိုရမည်။ ကဗျာရေးဖွဲ့လျှင် ကဗျာဆရာမဖြစ်နိုင်သည်။ သူ၏ကိုယ်ရေးအကျဉ်းတွင် ကဗျာရေးဖွဲ့သည်ဟု မပါရှိဘဲ ဆောင်းပါးဝတ္ထုပေါင်း ၃၅၀ ကျော် ရေးဖွဲ့ပြီးဖြစ်ကြောင်း ဖတ်ရှုရသည်။

ဆောင်းပါးများမှာ ‘ရှိခိုးဦးခိုက် အတုယူ၊ ဆီမီးထောင်ရာထွန်းညှိသူ’ (ဖောင်တော်ဦးကျောင်းဆရာတော်ဘဒ္ဒန္တနာယကနှင့် ညီတော်ဘဒ္ဒန္တဇောတိကအကြောင်း)၊ ‘သစ္စာမြေမှမေတ္တာရေချမ်း လှိုင်လှိုင်ဖျန်းသည့်ပန်းများသခင်ကျေးဇူးရှင်’ (ရေတံခွန်တောင်သာသနာပြုဘဒ္ဒန္တခေမာစာရအကြောင်း)၊ ‘ပုလဲလမင်းထိန်ထိန်လင်း’(ပုလဲပရဟိတဆရာတော်ဘဒ္ဒန္တပညာဝံသအကြောင်း)၊ ‘အနုပညာရပ်ဝန်းမှ စွယ်စုံရပန်းချီဆရာမ’(ဒေါ်ခင်ဆွေလှိုင်အကြောင်း)၊ ဖနီးမောင်နံ့ရာသက်ပန် ထက်သန်သဒ္ဓါရှိသူ’(ဦးမောင်တာဖနီး အဂ္ဂမဟာသီရိသုဓမ္မဇောတိကဒေါ်စန်းစန်းဝေအကြောင်း)၊ ‘ထူးခြားဂုဏ်မြင့်ကြယ်တစ်ပွင့်’(မြို့မအသင်းကြီး၏ဥက္ကဋ္ဌ ဒေါက်တာလှခိုင်အကြောင်း) ‘ကမ္ဘာ့ရွာမှာ အလှသာသည့် မင်းမြန်မာက ဆရာ’ (ကျောင်းတည်ထောင်သူ ဆရာဦးရဲမင်းစိုးအကြောင်း)၊ ‘ကျေးဇူးကြီးလှ မိနှင့်ဖ’(စာရေးသူ၏ မိဘနှစ်ပါး ဦးထွန်းရွှေနှင့် ဒေါ်လှလှအကြောင်း)တို့ ဖြစ်သည်။

ပထမဦးဆုံးဖော်ပြသည့် ‘ရှိခိုးဦးခိုက် အတုယူ ဆီမီးထောင်ရာ ထွန်းညှိသူ’ ဆောင်းပါးမှာ ကျောင်းသား၊ သာမဏေများအတွက်သာမက သမိုင်းတန်ဖိုးရှိသော ဆောင်းပါးဖြစ်သည်။ မြန်မာနိုင်ငံ၏ဘုန်းတော်ကြီးသင်ပညာရေးများအကြောင်းကို ဂဃနဏ သိရှိခွင့်ရပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးသည် ဘုန်းတော်ကြီး စာသင်ကျောင်းများမှာ မြစ်ဖျားခံပါသည်။ နန်းရှေ့ဖောင်တော်ဦး(ပရဟိတ)ဘုန်းတော်ကြီးသင်ကျောင်းသည် မန္တလေးတိုင်းဒေသကြီးတွင် ပထမဆုံးဖွင့်လှစ်ခဲ့သော ပညာရေးကျောင်းဖြစ်သဖြင့် အံ့ဩလေးစားဖွယ်သိရှိရသည်။

‘သစ္စာမြေမှ မေတ္တာရေချမ်း လှိုင်လှိုင်ဖျန်းသည့် ပန်းများသခင်ကျေးဇူးရှင်’မှ တိုင်းရင်းသားသွေးချင်းကလေးပေါင်း ၁၀၀၀ ကျော်၏ ဘဝများကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးသည့် ဥယျာဉ်မှူး ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ ဘဝရုပ်ပုံလွှာကားချပ်မှာလည်း မှန်ကူကွက်ပမာ စိတ်ဝင်စားဖွယ်ဖတ်ရှုရသည်။

သာသနာ့ထီးရိပ်အောက်မှ သာသနာ့အကျိုးရွက်သယ်ပိုးပြီး လူ့အသက် အသက်ပေါင်းများစွာကို ကယ်တင်နေသည့် ပုလဲပရဟိတဖောင်ဒေးရှင်းတည်ထောင်သူ ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ခေတ်ပြိုင်ခဲခြစ်ကောက်ကြောင်းကို ဖတ်ရသည်မှာ ပန်းစကြာမှန်ပြောင်း ကြည့်ရသလိုပင် အရောင်အသွေးစုံလှသည်။

‘ဆရာတော်သည် ခေါင်းတစ်လုံးနှင့် ရေအိုးငါးလုံးရွက်နေသူအဖြစ် တင်စားလျှင် လွန်မည်မထင်ပါ။ ဓမ္မကထိကဆိုသော ရေအိုးတစ်လုံး၊ ရဟန်းစာဆိုရှင်ဆိုသော ရေအိုးတစ်လုံး၊ ငါသည်ပရဟိတအတွက် ဖြစ်စေရမည်၊ ပရဟိတသည် ငါ့အတွက် မဖြစ်စေရဆိုသော ရေအိုးတစ်လုံး၊ သူတစ်ပါး စိတ်မကူးမိသော လူတိုင်းအတွက် အရေးကြီးသည့် (လေ)အလှူတော် စီမံကိန်းဆိုသော ရေအိုးတစ်လုံး၊ ကိုယ်တိုင်လည်း ဝိပဿနာအားထုတ်သလို ယောဂီများကိုလည်း တရားပြနေသော ဝိပဿနာဆိုသည့် အိုးတစ်လုံး၊ စုစုပေါင်း အိုးငါးလုံးကို ရွက်လျက် သာသနတာဝန်၊ လူမှုကူညီရေး တာဝန်များကို ထမ်းဆောင်နေသော ဆရာတစ်ပါး ဖြစ်ပါသည်။

(စာမျက်နှာ – ၆၉ မှ)

‘အနုပညာရပ်ဝန်းမှ စွယ်စုံရ ပန်းချီဆရာမ’ ဒေါ်ခင်ဆွေလှိုင်၏ အကြောင်းကို ဖတ်ရသည်မှာ ဆီဆေးပန်းချီကားချပ်တစ်ချပ်ကြည့်ရသလို စေးစေးပိုင်ပိုင်နှင့် လေးလေးနက်နက်ရှိလှသည်။

‘ဆရာမသည် ပန်းချီရေးဆွဲနေချိန် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးနေချိန်မှာ စိတ်၏ လုံခြုံအေးချမ်းတည်ငြိမ်မှု သမာဓိရရှိနေသဖြင့် နှလုံးသွေးအကြည်ဓာတ်ရပြီး ကျန်းမာရေးနှင့်ညီညွတ်ပြည့်စုံနေသူဖြစ်ပါသည်။ ဆရာမ၏ ပင်ကိုယ်သဘာဝ၊ ဝတ်စားနေထိုင်သွားလာလှုပ်ရှားမှုများသည် အေးဆေးတည်ငြိမ်သဖြင့် ဆရာမကို အပျိုကြီးတစ်ယောက်ဟု ထင်ခဲ့မိပါသည်။ သို့သော် တကယ်တမ်းအားဖြင့် ၁၉၇၂ ခုနှစ်က စလေဓာတ်မြေဩဇာစက်ရုံမှ လက်ထောက်စက်ရုံမှူး ဦးတင့်ဆွေနှင့် လက်ထပ်ကာ သားနှစ်ယောက်၊ သမီးသုံးယောက် ထွန်းကားခဲ့သော အိမ်ထောင်ရှင်မတစ်ဦးဖြစ်သည်ကို အံ့ဩဖွယ်ရာ တွေ့ရပါသည်။

(စာမျက်နှာ –၈၃ မှ)

‘ဖနီးမောင်နံ့ရာသက်ပန် ထက်သန်သဒ္ဓါရှိသူ’ ဦးမောင်တာနှင့် ဖနီး ဒေါ်စန်းစန်းဝေတို့၏ အလှူအတန်းရက်ရောသည့် အကြောင်းများကို ဖတ်ရှုရသည်မှာ သာဓုအနုမောဒနာ ခေါ်ဆိုထိုက်ပါသည်။

‘ထူးခြားဂုဏ်ဖြင့် ကြယ်တစ်ပွင့်’ ဆောင်းပါးမှ ဒေါက်တာလှခိုင်၏ အကြောင်းရေးဖွဲ့ပုံတမူထူးခြားနေပြီး ဆောင်းပါးသဏ္ဌာန်မဟုတ်ဘဲ ဝတ္ထုပုံသဏ္ဌာန် စကားပြောများဖြင့် ရေးဖွဲ့ထား၍ ဖတ်ရှုသူအဖို့ မအီဘဲ သွက်လက်ရွှင်မြူးနေသည်။

‘ကဲ မနေ့က မေးခွန်းမေးတဲ့ ကျောင်းသားမင်းမေးခွန်းရဲ့အဖြေက လူနဲ့ခွေး မတူလို့ ဘယ်သူ့ဘယ်သူမှ သွေးသွင်းမရပါဘူး။ ဒါပေမယ့် ဆရာမတစ်ခုပြောချင်တာက မင်း တစ်နေ့နေ့ ဆရာဝန်ဖြစ်လာရင် လက်တွေ့စမ်းကြည့်ပေါ့ကွာ၊ ငါထင်တာတော့ ခွေးသွေးကို လူ့ခန္ဓာကိုယ်ထဲသွင်းလိုက်ရင် ပထမဆုံး လေးဘက်ထောက်ချင်လာမယ်၊ ဒုတိယ ဟောင်ချင်လာမယ်၊ တတိယ ကိုက်ချင်လာမယ်၊ နောက်ဆုံးတော့ ဟိုဟာစားချင်စိတ်ဖြစ်လာမယ် ဟုတ်မဟုတ် စမ်းကြည့်ပေါ့ကွာ ပြီးရင် ငါ့ကိုလည်း ပြောပြဦးနော်’

တစ်တန်းလုံး ဝါးလုံးကွဲရယ်ကြပါသည်။ ကျောင်းသားတစ်ယောက်က မောင်ဉာဏ်ထက်ကို ‘မေးချင်ဦးဟ မေးခွန်း မင်းက နောက်ပြောင်မေးတာကိုး ဆရာမက မင်းထက် ပိုပညာတတ်တော့ ပညာပြလိုက်ပြီ ဟော့ကောင် မင်း ဆရာမကို မနောက်ပါနဲ့ကွာ မင်း အစသန်လို့ ခဏခဏ ပြဿနာဖြစ်တာလည်း မမှတ်ဘူး၊ မင်း ဆရာမကို တောင်းပန်သင့်တယ်’

‘ငါသိပါတယ်ကွာ၊ ဆရာမကို နောက်ချင်လို့ မေးမှန်းလည်း ဆရာမသိပါတယ်၊ ဒါကြောင့် ဆရာမက ပြန်နောက်လိုက်တာပါ၊ ဆရာမက စိတ်မဆိုးတတ်ပါဘူး၊ ဆရာမကို စရတာ ပျော်စရာကောင်းတယ်ကွ’

(စာမျက်နှာ– ၁၁၁ မှ)

‘ကမ္ဘာ့ရွာမှာ အလှသာသည့် မင်းမြန်မာက ဆရာ’ ဆောင်းပါးမှ ဦးရဲမင်းစိုး၏ အကြောင်းကို ဖတ်ရှုရခြင်းဖြင့် မြန်မာ့ပညာရေး ကမ္ဘာ့အဆင့်အတန်းမီအောင် ကြိုးစားနေသူဖြစ်ကြောင်း ပညာရေးနှင့် သက်ဆိုင်သူများ အတုယူဖွယ် လေ့လာဖတ်ရှုရပါသည်။

‘ကျေးဇူးကြီးလှ မိနှင့်ဖ’ ဆောင်းပါးမှာ စာရေးသူ၏ မိဘနှစ်ပါးနှင့် ကိုယ်တိုင်ခံစားကြုံတွေ့ရသည်များကို ရေးဖွဲ့ထားသဖြင့် ဆောင်းပါးမှာ ရသစာတမ်း ‘အက်ဆေး’တစ်ပုဒ်ဖတ်ရသလို လှုပ်ရှားသက်ဝင်ပြီး အရသာရှိလှသည်။

‘အဖေနှင့်အမေက သူတစ်ပါးကို ဆဲဆိုအော်ဟစ်ပြီး ကြမ်းကြမ်းတမ်းတမ်း ဘယ်အခါမှ မပြောသလို ကျွန်မတို့ကိုလည်း ပြောခွင့်မပြုပါ၊ တင်းတင်းကြပ်ကြပ်ဆုံးမပါသည်။ အဖေနှင့်အမေတို့ တစ်ခါမှ ရန်မဖြစ်ဖူးပါ။ ကျွန်မတို့ ဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်းတင့်တင့်တယ်တယ်နေနိုင်ခြင်းသည် အဖေနှင့်အမေတို့၏ မေတ္တာ၊ စေတနာ၊ သွန်သင်ဆုံးမမှု၊ စီမံအုပ်ချုပ်မှု ကောင်းမွန်ခြင်းကြောင့် ဖြစ်ပါသည်။

(စာမျက်နှာ ၁၅၇ မှ)

ခြုံငုံ၍ဆိုရလျှင် ဆရာမကြီးအေးအေးခိုင်(ပညာရေး)၏ ‘**ကျွန်မသိသော ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များ**’ စာအုပ်မှာ ကျောင်းသား၊ ကျောင်းသူ လူငယ်ရှိသူတိုင်း၏ အိမ်နှင့် စာကြည့်တိုက်များတွင် မလွဲမသွေ သိမ်းဆည်းထားရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်းဖော်ညွှန်းလိုက်ရပါသည်။

**ဖော်ညွှန်းသီ**




## ဗီတင်ဟာအား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် အောက်တိုဘာ ၁၆**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း ကွင်းလယ်ပိုင်း ဖြည့်တင်းရန်အတွက် ပီအက်စ်ဂျီ အသင်း ကွင်းလယ်ကစားသမား ဗီတင်ဟာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ



၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း ဗီတင်ဟာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းထံမှ ဗီတင်ဟာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**



## စပိန်အသင်းက ဆားဘီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၆**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဆားဘီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅ မိနစ်တွင် လာပေါ်တာ၊ ပွဲချိန် ၆၅မိနစ်တွင် မိုရာတာ၊ ပွဲချိန် ၇၇မိနစ်တွင် အဲလက်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ် ၄ပွဲ ကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အုပ်စုအမှတ်ပေးဇယား အဆင့် (၁)နေရာတွင် ရပ်တည်ခဲ့သည်။ **(အပေါ်ပုံ)**

**(NGB)**

## လီအွန်ဂေါ်ရက်ဇ်ကာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ အောက်တိုဘာ ၁၆**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား လီအွန်ဂေါ်ရက်ဇ်ကာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၄ ပွဲကစားပြီး ၄၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လီအွန်ဂေါ်ရက်ဇ်ကာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ လီအွန်ဂေါ်ရက်ဇ်ကာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## နည်းပြ တူဟယ်လ် အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရ

**လန်ဒန် အောက်တိုဘာ ၁၆**

အင်္ဂလန်လက်ရွေးစင်အသင်းသည် လစ်လပ်နေသည့် နည်းပြနေရာတွင် ချဲလ်ဆီးအသင်းနှင့် ဒေါ့မွန်အသင်းနည်းပြဟောင်း နည်းပြ တူဟယ်လ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေပြီး အင်္ဂလန်လက်ရွေးစင်အသင်း၏ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

နည်းပြ တူဟယ်လ်သည် နည်းပြဘဝတစ်လျှောက်တွင် မိန့်ဇ်၊ အော့ဘတ်စ်၊ ဒေါ့မွန်၊ ပီအက်စ်ဂျီ၊ ချဲလ်ဆီး၊ ဘိုင်ယန်မြူးနစ် စသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ တူဟယ်လ်ကလည်း မိမိအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးသွားမည်ဟု ပြောကြားခဲ့သည်။ **(NGB)**

## မက်ဆီ အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ဟက်ထရစ် ၁၀ ကြိမ်အထိ သွင်းယူနိုင်ခဲ့

**လန်ဒန် အောက်တိုဘာ ၁၆**

အာဂျင်တီးနားလက်ရွေးစင်အသင်းတိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝတစ်လျှောက် လက်ရွေးစင်အသင်းနှင့်အတူ ဟက်ထရစ် ၁၀ ကြိမ်ထိ သွင်းယူနိုင်သည့် စံချိန်မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်ခြေစစ်ပွဲ) အဖြစ် အာဂျင်တီးနားအသင်းက



ဘိုလီဗီးယားအသင်းအား ၆ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးသုံးဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူးမက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၁၈၉ ပွဲကစားကာ ၁၁၂ ဂိုးထိလည်း သွင်းယူထားသည်။

အသက်(၃၇)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုတွေရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။**(ဝဲပုံ)**

**(NGB)**

## ရှမ်းယူနိုက်တက်အသင်း ဂျပန်ကွင်းလယ်လူ ဟီရိုတာယူရီကို ထပ်မံခေါ်ယူ

ပြည်ပပြိုင်ပွဲ ၂ ခုကို ယှဉ်ပြိုင်ရမဲ့ ရှမ်းယူနိုက်တက်အသင်းဟာ ကစားသမား အင်အားဖြည့်တင်းမှုအနေနဲ့ ဂျပန်ကွင်းလယ်လူ




ဟီရိုတာယူရီကို ထပ်မံ ခေါ်ယူလိုက်ပြီ ဖြစ်သည်။ ဂျပန်ကွင်းလယ်လူ ဟီရိုတာယူရီသည် ထိုင်းကလပ် Chainat Hornbill FC မှာ နောက်ဆုံး ကစားခဲ့ပြီး၊ ရှမ်းယူနိုက်တက် အသင်းဆီကို ပြောင်းရွှေ့လာတာ ဖြစ်သည်။ **(ဝဲပုံ)**

ရှမ်းယူနိုက်တက် အသင်းတွင် နောက်ခံကစားသမား ဝီလျံ၊ ကွင်းလယ် ကစားသမား မက်ခ်ဆာကီ၊ ယူရီ၊ တောင်ပံကစားသမား ဘာကာယိုကိုနဲ့ တိုက်စစ်မှူး ရင်တာရိုဆိုပြီး နိုင်ငံခြားသား ၅ ဦး ပါဝင်ကစားလျက်ရှိသည်။

ရှမ်းယူနိုက်တက် အသင်းသည် ၂၀၂၄-၂၅ ဘောလုံးရာသီမှာ ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းဟာ MNL League Cup 2024 မှာ ချန်ပီယံ ဖြစ်ထားပြီး၊ Myanmar National League ပြိုင်ပွဲ၊ AFF SHOPEE CUP ပြိုင်ပွဲတွေကို လက်ရှိမှာ ယှဉ်ပြိုင်လျက်ရှိသည်။ ထို့အပြင် AFC Challenge League 2024/25 ပြိုင်ပွဲကိုလည်း အောက်တိုဘာ ၂၇ ရက်ကစလို့ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းဟာ ယခုအပြောင်းအရွှေ့ကာလမှာ ကောင်းမြတ်သူနဲ့ အောင်နိုင်ဝင်းတို့ကို အငှားစေလွှတ်ခဲ့ပြီး၊ မြတ်ကောင်းခန့်နဲ့ ယူရီတို့ကို ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

**(NGB)**

## 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Alexandre Muller တက်ရောက်

**လန်ဒန် အောက်တိုဘာ ၁၆**

ဆွီဒင်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**



အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller သည် 2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိမ်ရှင်ဆွီဒင်တင်းနစ်ကစားသမား Leo borg အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိ ကာ ဒုတိယအဆင့်သို့ တက် ရောက်ခဲ့ခြင်းဖြစ်သည်။

2024 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller နှင့် ရုရှားတင်းနစ်ကစားသမား Andrey Rublev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

## ဘောလုံး သတင်း အတို အထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘရာဇီးအသင်းနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ပီရူးအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။
* အက်သလက်တီကိုမက်ဒရစ်အသင်းသည် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူသွားဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ **(NGB)**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**တောင်ကြီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ တောင်ကြီး-ဟိုပုံးလမ်းဘေးရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(SSSCCI) ရုံး၌ အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဒီနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ကတော့ အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့ဖြစ်ပြီး အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်ဆောင်ရွက်နိုင်စေဖို့အတွက် မျိုးဆက်သစ်များရဲ့ စွမ်းပကားကို မြှင့်တင်ဆောင်ရွက်ကြဖို့ သတိပေးနှိုးဆော်ထားရှိတဲ့ ဆောင်ပုဒ်တစ်ခုဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် USDRR ၏ အကြီးအကဲ Mr.Karmal Kishore ၏ သဝဏ်လွှာသတင်းစကား ရုပ်သံ(Video Message)ပြသပြီး သဘာဝဘေးလျော့ပါးရေး လှုပ်ရှားမှု မှတ်တမ်းတင် Video ပြသသည်။

ထို့နောက် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေး တေးသရုပ်ဖော်တင်ဆက်ပြသသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက သဘာဝဘေး အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# သုခတော်ဝင်အိမ်ရာတွင် သွေးတိုး၊ ဆီးချို နှလုံးရောဂါများ အခမဲ့ကျန်းမာရေး စစ်ဆေးပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊သုခတော်ဝင် အိမ်ရာတွင် သုခတော်ဝင်အိမ်ရာ တိုက်ခန်းများ သာယာရေးအဖွဲ့မှ ဦးဆောင်၍Common Health (NGO)အဖွဲ့မှ အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်များက နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အိမ်ရာ နေပြည်သူများအား သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများရှိ၊ မရှိ အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝလွန်ရောဂါမဖြစ်ပွားစေရေး ကိုယ်အလေးချိန်၊ အရပ်တိုင်းတာ၍ BMX စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို သုခတော်ဝင်အိမ်ရာ တိုက်ခန်းများ သာယာရေးအဖွဲ့ရုံး(ကွပ်ကဲရေးရုံး)တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# အင်တောကျေးရွာတွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးအစီအစဉ်အဖြစ် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက အင်တောကျေးရွာအုပ်စု၊ အင်တောကျေးရွာကွင်းရှိ ကွင်းအမှတ်(၂၁၀၄)၊ တောင်သူ ဦးရဲမြင့်၏ ယာမြေသုံးဧကပေါ်တွင် ပြုလုပ်ခဲ့သည်။



အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲတွင် တောင်သူဦးရဲမြင့်၏ ယာမြေ သုံးဧကပေါ်၌ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ကြဲပက်စိုက်ပျိုးခြင်းကို သရုပ်ပြသကြသည်။

ထို့နောက် ပညာပေးဆွေးနွေးပွဲကို ယာယီမဏ္ဍပ်တွင် ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးစေခြင်း၏ အဓိကရည်ရွယ်ချက်များမှာ တောင်သူများ ဓာတ်မြေဩဇာကို ရေရှည်အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးများ ဆုံးရှုံးခြင်း၊ မြေချဉ်၊ ငန်နှုန်းများ ပြောင်းလဲလာခြင်း၊ အကျိုးပြုအဏုဇီဝများ လျော့နည်းသွားခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း လျော့ကျလာခြင်းကို အလွယ်ကူဆုံးနှင့် အသက်သာဆုံး ဖြေရှင်းပေးနိုင်စေရန် ဖြစ်ပါကြောင်းနှင့် ပိုက်ဆံလျှော်ဟုခေါ်သည့် သစ်စိမ်းမြေဩဇာကို မြေနေရာမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပါကြောင်း စသည်ဖြင့် အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်သူများက မေးမြန်းသည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်းသရုပ်ပွဲနှင့် ပညာပေးဆွေးနွေးပွဲတွင် တောင်သူများအား ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေး၍ တောင်သူများ ကိုယ်တိုင်ပါဝင်ကြဲပက်သရုပ်ပြသစေ၍ စိတ်ပါဝင်စားစွာ စိုက်ပျိုးလိုသည့် တောင်သူများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဧက ၄၀ စာ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းလွင်နှင့် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် အင်တောကျေးရွာမှ တောင်သူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၆)


# ပုဂံညောင်ဦးရေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်း

**ညောင်ဦး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခြင်းကို "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်(စနေနေ့တိုင်း) အရှိန်အဟုန်မပျက် ဆောင်ရွက်နေခြင်းဖြစ်ကာ ယမန်နေ့က Bagan Plastic Campaign အဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ပုဂံမြို့ဟောင်းရှိ သရပါတံခါးတွင် စုရပ်ပြုလုပ်၍ နန်းတော်ရာ၊ ရွှေဂူကြီးဘုရား၊ သဗ္ဗညုဘုရားနှင့် အာနန္ဒာဘုရားပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျကောက်ယူရှင်းလင်းခြင်း၊ ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူများအတွက် နေဝင်၊ နေထွက် ဆည်းဆာအလှကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားရှိသော နေရာများတွင် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ ထားရှိပေးခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့သည်။

Bagan Plastic Campaign အဖွဲ့အနေဖြင့် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများ ကင်းဝေးပြီး သတ်မှတ်အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျအမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှ စတင်ကာ ယနေ့အထိ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူသွားလာသော ကားလမ်းမကြီးဘေး ဝဲ၊ယာများနှင့် မြို့အဝင်၊ အထွက်နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ် အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)(၄၄၅)



သန့်ရှင်းသာယာ မင်္ဂလာ ပိုင်းဝန်း ထိန်းသိမ်းပါ။



## ပြင်လို့မြို့ မုဒြာစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

**အောင်လံ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ပြင်လို့မြို့၊ မုဒြာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ပြင်လို့မြို့အမှတ်(၃)ရပ်ကွက်တွင် ကျင်းပသည်။

အောင်လံမြို့နယ်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံပြည်သူများနှင့် ယနေ့ခေတ်ကျောင်းသားလူငယ်များ စာအုပ်၊ စာပေများကို အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းရရှိနိုင်စေရန်နှင့်အသိပညာဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ပြင်လို့မြို့၊ မုဒြာစာကြည့်တိုက်အဆောက်အအုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအတွင်း စာကြည့်တိုက် အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ စာကြည့်တိုက်များအတွက် ပရိဘောဂ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့်သုတ၊ ရသ စာအုပ်စာပေများ လှူဒါန်းပေးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးချရေးနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် အိုးစည်ဒိုးပတ်အဖွဲ့နှင့် ပြင်လို့မြို့၊ ရှစ်မျက်နှာ ဓမ္မစကူးကျောင်းမှ မြန်မာ့သိုင်းဖြင့် သရုပ်ပြသခဲ့သည့် အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး မုဒြာစာကြည့်တိုက်နှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စာကြည့်တိုက်များ တည်ဆောက်အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က ပြင်လို့မြို့ စာကြည့်တိုက်များတည်ဆောက်အကောင်အထည်ဖော်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအေးနိုင်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ကို နိုင်ငံတော်နှင့်ပြည်သူများမှ စုစုပေါင်း ငွေကျပ် သိန်း၁၅၀ဖြင့် ဖြည့်ဆည်း တည်ဆောက်ခံခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်း စာကြည့်တိုက် အဆောက်အအုံသစ် ၂၁ တိုက်ကို ဖွင့်လှစ်ပေးမည်ဖြစ်ရာ ယခုစာကြည့်တိုက် အပါအဝင် စာကြည့်တိုက်ငါးတိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) မျိုးသိန်း(ပြန်/ဆက်)**

## ကျေးရွာကွန်ကရစ်လမ်းခင်း ဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိန်ပန်းပင်ကျေးရွာအုပ်စု၊ ဇီးပင်ရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ ယမန်နေ့တွင် ရာနှုန်းပြည့်ပြီးစီးကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက သိရသည်။

အဆိုပါလုပ်ငန်းကို ဩဂုတ်လ ပထမပတ်မှစတင်၍ လုပ်ကိုင်ခဲ့ပြီး၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDPရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၀၆၅သန်းဖြင့် စိန်ပန်းပင်ကျေးရွာအုပ်စု၊ ဇီးပင်ရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား လုပ်ကိုင်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

စိန်ပန်းပင်ကျေးရွာအုပ်စု၊ ဇီးပင်ရိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းကြောင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၂၁၊ အိမ်ထောင်စု ၁၂၉၊ လူဦးရေ ၇၃၂ ဦးအတွက် သွားလာရေးတွင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းသိရသည်။ (၄၇၂)

## သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ် ဆီမီး (၁၀၀၀၀) မီးထွန်းပွဲတော်အား မန္တလေးမြို့တော် ၂၆ လမ်း၊(၆၆ လမ်းမှ ၇၃ လမ်းအထိ) ပေါ်တွင် သီတင်းကျွတ်လပြည့်နေ့ ညသို့ အောက်ပါအစီအစဉ်အတိုင်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံ၍ တေးဂီတ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေကျင်းပမည်ဖြစ်ပါသဖြင့် မန္တလေး မြို့တော်သူ၊ မြို့တော်သားများ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား ပါဝင်ဆင်နွှဲနိုင်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| နေ့ရက် | - | ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့)၊ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့။ |
| အချိန် | - | ညနေ (၆း၀၀)နာရီမှ ည (၁၀း၀၀)နာရီအထိ ။ |
| နေရာ | - | ၂၆လမ်း (၆၆ လမ်းမှ ၇၃ လမ်းအထိ) ။ |
| ဖျော်ဖြေရေးအစီအစဉ် | - | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား)တွင် မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များက ဖျော်ဖြေတင်ဆက်ပါမည် ။ |
| ဧည့်ခံကျွေးမွေးရေးအစီအစဉ် | - | ဌာနဆိုင်ရာအသီးသီး၏ စတုဒိသာမဏ္ဍပ်များ။ |

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်း အကောင်အထည်ဖော်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာများ ထူထောင်ခြင်းစီမံကိန်းကို စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှသိရသည်။

အဆိုပါ စီမံကိန်းအတွက် ဖွံ့ဖြိုးမှုရန်ပုံငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း သုံးစွဲမှာဖြစ်ပြီး ဝန်ကြီးဌာနခြောက်ခုမှ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်း ၁၂ ခုကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်းအရ ကျေးရွာတွေမှာ ဘက်စုံသုံးခန်းမတွေ၊ Green-House စနစ်နဲ့စိုက်ပျိုးရေးလုပ်ငန်း၊ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်တာတွေ ပါဝင်တယ်။ ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်၊ ရေပေးရေးစနစ်၊ ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းတွေရဲ့ အကျိုးရလဒ်တွေအပေါ် အခြေခံပြီး ဆောင်ရွက်မှာပါ။ အောက်တိုဘာ ၁၂ ရက်ကစပြီး အကောင်အထည်ဖော်နေပါပြီဟု ၄င်းက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုရန်ပုံငွေမှတစ်ဆင့် ၂၀၁၇ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၅သန်းခန့် တန်ဖိုးရှိ ကဏ္ဍပေါင်းစုံစီမံကိန်း ၁၁၈ခုကို လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀-၀-၀



## ပြောင်းဖူးရိတ်သိမ်းချိန် အထွက်ကောင်းပြီး ဈေးကောင်းရရှိနေ

ယခုနှစ် မိုးစိုက်ပြောင်းဖူး ရိတ်သိမ်းချိန် အထွက်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ပြောင်းစိုက်တောင်သူများထံက သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရာသီအလိုက် စိုက်ပျိုးသော သီးနှံများတွင် ဝယ်လိုအားရှိသော ပြောင်းဖူးသီးနှံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးပြောင်းဖူးစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၁၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၄၀၀ ဧက၊ မြစ်သားမြို့နယ်တွင် ၁၈၇၃ဧက၊ စုစုပေါင်း ၄၄၆၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး၊ စဉ့်ကိုင်မြို့နယ်တွင် ၁၀၃၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၆၂ ဧကရိတ်သိမ်းပြီးစီးကြောင်း၊ ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



မိုးပြောင်းဖူးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၆၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အများသုံးစိုက်ပျိုးသော မျိုးများမှာ လူကြိုက်များသော သကြားပြောင်း၊ ရှမ်းပြောင်းမျိုးများကို စိုက်ပျိုးကြသည်။

တစ်ဧကအထွက်နှုန်းအနေဖြင့် အဖူး ၄၀၀၀အထိ ထွက်ရှိကြောင်း၊ ပြောင်းဖူးကို ပွဲစားများမှ စိုက်ခင်းထဲထိ လာရောက်ဝယ်ယူကြကြောင်း၊ မြို့ပေါ်သို့ ကိုယ်တိုင်တိုက်ရိုက်ရောင်းချသူများလည်း ရှိကြောင်း၊ ပြောင်းဖူးဈေးနှုန်းအနေဖြင့် ဖောက်သည်ဈေးနှုန်းမှာ တစ်ဖူးလျှင် ငွေကျပ် ၃၀၀၊ လက်လီအစိမ်းတစ်ဖူးလျှင် ငွေကျပ် ၄၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပါသည်။ ပြောင်းဖူးပြုတ်တစ်ဖူးလျှင် ငွေကျပ် ၇၀၀ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ပြောင်းဖူးကို မြို့ပေါ်ပွဲစားဈေးသည်များမှ တစ်ဆင့် ကျေးရွာ၊ နယ်လှည့်ဈေးသည်များကတစ်ဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပြောင်းဖူးကို ကြော်စား၊ ပြုတ်စား၊ သုပ်စားရန်အတွက် အိမ်ရှင်မများက အများဆုံးဝယ်ယူစားသုံးကြကြောင်း၊ ပြောင်းဖူးစိုက်ပျိုးသော ကုန်ကျစရိတ်များကို နုတ်ပြီးပါက ငွေကျပ် ၉၄၀၀၀၀ ခန့်မြတ်ကြောင်း၊ ယခုနှစ်တွင် ပြောင်းဖူးဈေးများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြကြောင်း၊ ပြောင်းဖူးအများဆုံးစိုက်ပျိုးသော ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# ပုသိမ်ကြီးပြည်သူ့ဆေးရုံ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ



**ပုသိမ်ကြီး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်းနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၅ ရက်နေ့ မွန်းလွဲ ၁နာရီက မြို့နယ်ပြည်သူ့ဆေးရုံရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာ ကျော်ကျော်ဇင်က ယခုကာလအတွင်း ကာလဝမ်းရောဂါ အကြောင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဆွေဆွေက မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါဖြစ်ပွားသည့် လက္ခဏာများ စသည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်

ဆက်လက်၍ မြို့နယ်ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်မည့် ကော်မတီဝင်များကို ဖွဲ့စည်း၍ ဝမ်းရောဂါများဖြစ်ပေါ်ပါက အရေးပေါ်ကူညီဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးနှင့်တကွ ဆက်စပ်ဌာန ဆိုင်ရာများကို ထည့်သွင်း၍ ကော်မတီဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(ဝ၉၅)

# ဒေသထွက်ငရုတ်သီးစိမ်းများ ဈေးကောင်းရ

**မြို့သစ် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် စိုက်ပျိုးရေးကို စပါး၊ နှမ်း၊ မြေပဲများသာမက ရာသီအလိုက် ကာလတို၊ ကာလရှည် သီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိရာ ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရောင်းချချိန် ငရုတ်သီးစိမ်းဈေးကောင်းရ၍ ငရုတ်စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိသည်။

ငရုတ်သီးနှံသည် ပျိုးထောင်သည့်အချိန်မှ စတင်ပြီး ခူးဆွတ်ရောင်းချိန်အထိ အမြဲဂရုစိုက်ရသည့် သီးနှံအမျိုးအစားဖြစ်ပြီး စိုက်ပျိုးမြေအမျိုးအစားနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေသွင်းခြင်း၊ အပင်အားတိုးဆေးနှင့် ပိုးမွှားနှိမ်နင်းဆေးများ အသုံးပြုရကြောင်း ငရုတ်စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

ငရုတ်မျိုးနှစ်ထုပ် စိုက်ပျိုးပါက ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း စိုက်ပျိုးပြီး ရက် ၅၀ ဝန်းကျင်တွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အသီးစတင်ခူးဆွတ်ရာတွင် ပိဿာချိန်နည်းသော်လည်း အသီးလှိုင်ချိန်တွင် တစ်ခါခူးဆွတ်ပါက ပိဿာချိန် ၁၀၀ ပိဿာကျော်အထိ ခူးဆွတ်ရကြောင်း နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရသဖြင့် နေ့စဉ်နီးပါးဝင်ငွေရကြောင်း၊ ရောင်းဈေးအနေဖြင့် ငရုတ်သီးတစ်ပိဿာ ငွေကျပ် ၆၀၀၀ ရောင်းချရသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

မြို့သစ်မြို့နယ်တွင် စီးပွားဖြစ် ငရုတ်ပင်စိုက်ပျိုးသူများအနေဖြင့် ငရုတ်အပွမျိုး အတောင့်ရှည်ငရုတ်မျိုးနှင့် ထိုင်ဝမ်ငရုတ်မျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း၊ ထိုင်ဝမ်ငရုတ်မျိုးများသည် အခွံထူ အထားခံမျိုးဖြစ်သောကြောင့် စိုက်ပျိုးမည်ဆိုပါက ဦးစွာ သဘာဝမြေသြဇာဖြစ်သည့် နွားချေး၊ ကွန်ပေါင်းဓာတ်မြေသြဇာများနှင့် မြေပြုပြင်ထားမှသာ အပင်ဖြစ်ထွန်းမှုကောင်းပြီး အသီးထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀





# အိန္ဒိယနိုင်ငံ၏တားမြစ်ချက်များ ရုပ်သိမ်းလိုက်သောကြောင့် ထိုင်းနိုင်ငံ၏ ဆန်ဖြူဈေးနှုန်းများ ကျဆင်း

အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု ပြန်လည်စတင်ပြီးနောက် ထိုင်းဆန်ဖြူ ပြည်တွင်းဈေးနှုန်းသည်လည်း ကျဆင်းလာခဲ့သည်။

သို့သော်လည်း ယခုနှစ် ဆန်တင်ပို့မှု ပမာဏအပေါ် သက်ရောက်မှုမရှိသေးကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookai Ophaswagse က ပြောသည်။

အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား စက်တင်ဘာ ၂၈ ရက်တွင် ရုပ်သိမ်းခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် သီးနှံအထွက်နှုန်းပိုများပြားလာကာ ပြည်တွင်းထောက်ပံ့မှုအတွက် နိုင်ငံပိုင်ဂိုထောင် အရန်သိုလှောင်မှုကို အားကောင်းစေသည်ဟု စက်တင်ဘာ ၂၈ ရက်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပေါင်းဆန်အပေါ် ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။ အောက်တိုဘာ ၇ ရက်(တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ၏ ဆန်ကျိုး ၅ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ ၄၉၀ ဝန်းကျင်ဖြင့် ကမ်းလှမ်းခဲ့သည်။ ဝယ်သူများနှင့် ရောင်းချသူများသည် အိန္ဒိယဆန်တိုးမြင့်ရောင်းချမှု၏ အလားအလာနှင့် အကျိုးသက်ရောက်မှုကို အကဲဖြတ်နေကြပြီး အိန္ဒိယဆန်တင်ပို့သူများ၏ အမှန်တကယ်ရောင်းဈေးနှင့် ပတ်သက်၍ မသေချာမှုများလည်းရှိနေကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌက ပြောသည်။

ပို့ကုန်တားမြစ်ချက် ရုပ်သိမ်းလိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်ဖြူတင်ပို့မှုတန်ချိန် ၅ ဒသမ ၆ သန်းထိ တိုးမြင့်လာခဲ့သည်။ ထိုင်းနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းသည် ယခင်အပတ်က ကန်ဒေါ်လာ ၅၅၀ မှ ကန်ဒေါ်လာ ၅၂၀ သို့ကျဆင်းခဲ့ပြီး ဆန်ဖြူတစ်တန်လျှင် ဘတ် ၁၆၅၀၀-၁၇၀၀၀ မှ ၁၅၃၀၀ သို့ ကျဆင်းခဲ့သည်။ (အပေါ်ပုံ)

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၈ ဒသမ ၅ သန်းတင်ပို့နိုင်ရန် ရည်မှန်းထားပြီး အိန္ဒိယသည် တန်ချိန် ၁၃၈ သန်းအထိထွက်ရှိရန် မျှော်မှန်းထားသောကြောင့် လာမည့်နှစ်တွင် တန်ချိန် ၆ သန်းသာ ကျဆင်းသွားမည် ဖြစ်သည်။

၂၀၂၄ ခုနှစ်ပထမရှစ်လတာကာလအတွင်း ဆန်တင်ပို့မှုပမာဏသည် တန်ချိန် ၆ ဒသမ ၇၅ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် တန်ချိန် ၁ ဒသမ ၂၈ သန်း မြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**

# မြစ်ခြေရှိ မြေနုနှင့် ကိုင်းမြေများတွင် စားတော်ပဲအဓိကထား စိုက်ပျိုး

**မကွေး အောက်တိုဘာ ၁၆**

အညာဒေသရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြစ်ခြေမြေနုနှင့် ကိုင်းမြေများ၌ စားတော်ပဲကို အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း ရေနံချောင်းမြို့နယ်မှ ဒေသခံတောင်သူများထံက သိရသည်။

ဧရာဝတီမြစ်ရေကျချိန် မြေနုနှင့် ကိုင်းမြေများတွင် စားတော်ပဲကို ပဲမာအဖြစ် သီးခြားစိုက်ကြသည့်အပြင် သီးညှပ်သီးနှံတစ်မျိုးအဖြစ် အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။

"ဧရာဝတီမြစ်ရေရှိသော တောင်သူအချို့က မစိုက်ကြသေးဘူး။ ဒါပေမယ့် တောင်သူတော်တော်များများ စိုက်နေကြပါတယ်။ စားတော်ပဲဈေးနှစ်စဉ် ဈေးကောင်းရတဲ့အတွက် တောင်သူများ အဓိက စိုက်ကြတယ်"ဟု ရေနံချောင်းမြို့နယ်က တောင်သူအမျိုးသားတစ်ဦးက ပြောသည်။

တောင်သူများသည် ဆီထွက်သီးနှံ၊ ပဲမာမျိုးစုံအပြင် ဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်း၊ ပန်းများကို စိုက်ပျိုးကြကြောင်း သိရသည်။ (အောက်ပုံ)

(၄၇၂)



# မိုးရာသီစိုက်ပျိုးသော အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း အဓိကစိုက်ပျိုးဖြစ်ပြီး ယခုနှစ် မိုးရာသီစိုက်ပျိုးသော အစေ့ထုတ်ပြောင်း ၁၅၀၁၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းကို မိုးရာသီမှာ အဓိက စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရာမှာ ပဲစင်းငုံသီးနှံနဲ့ သီးညှပ်စိုက်ပျိုးကြပြီး သီးသန့်လည်း စိုက်ပျိုးကြပါတယ်။ အခုခါ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက ၄၈ ဒသမ ၆၉ တင်းထွက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။ (ယာပုံ)

အစေ့ထုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျ အချိန်ကိုက် သုံးစွဲရေး၊ ဖောင်မြောင်တောင်ပိုး ကျရောက်မှုကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးရန် ၁၄၉၉၅ ဧကလျာထားပြီး ၁၅၀၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိကြကြောင်း သိရသည်။

(၄၈၀)



## မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာတွင် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါလိုက်နာရမည့် တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများထားရှိရမည့်စိတ်ဓာတ်နှင့် တာဝန်ယူမှု တာဝန်ခံမှုများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမော်အင်းကျေးရွာရှိ နေကြာသီးနှံအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၃၅ ဦးကို ပထမအကြိမ် ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

## စာကြည့်တိုက်ယဉ်ကျေးမှုအစ စာသင်ကျောင်းက အသိပညာပေး Talk Show ဆောင်ရွက်

**သရက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်း၍ စာကြည့်တိုက်ယဉ်ကျေးမှုအစ စာသင်ကျောင်းက အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝမ်းထွန်းနှင့် Book Club အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က စာကြည့်တိုက်နှင့် စာကြည့်တိုက်အကြောင်း၊ စာကြည့်တိုက်ယဉ်ကျေးမှု၊ စာဖတ်ခြင်းကြောင့် ဗဟုသုတရှိလာရုံသာမက လူ၏စိတ်ကို နူးညံ့စေပြီး အခက်အခဲကြုံလာပါက အမှောင်ဘက်ကို မမြင်ဘဲ မျှော်လင့်ချက်အလင်းရောင်ရှိတဲ့ဘက်ကို အာရုံညွှတ်အောင် စွမ်းဆောင်နိုင်ကြောင်း၊ စာကြည့်တိုက်ကို အဓိကမောင်းနှင်သူ စာကြည့်တိုက်မှူးများအကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်သို့ စာဖတ်သွားရန်နှင့် ကျောင်းစာကြည့်တိုက် တာဝန်ခံဆရာ၊ ဆရာမများကြောင့် လူငယ်တစ်ဦး၏ ဘဝပြောင်းလဲသွားရပုံ အကြောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စော်ဝမ်းထွန်း(အောင်လံ)**



## ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တွင် ကျင်းပမည့် ၂၀၂၄-ခုနှစ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပမည့် ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများအား ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီမှ စတင်၍ ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အောက်တိုဘာ ၂၅ ရက်တွင် ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)တွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ညောင်ဦးမြို့၊ ကျောက်ပန်းတောင်းမြို့၊ ပုဂံမြို့၊ ငါ့သရောက်မြို့မှ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူများ ပါဝင်တက်ရောက်၍ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကြိုပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အထက(ညောင်ဦး)၊ အထက(မြို့မ)၊ အထက(ပုဂံ)၊ အထက(ငါ့သရောက်)၊ အထက(တောင်ဇင်း)ကျောင်းသား၊ ကျောင်းသူများက ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ မဲနှိုက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၁)

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အဘိဓမ္မာ အခါတော်နေ့

* မြတ်စွာဘုရား ဝါဆိုစဉ်
ခုနစ်ဝါမြောက်တွင်
တာဝတိံသခွင် ဘုံတစ်လွှား
မယ်တော်မိနတ်သား ။

* အမှုူးထားတဲ့ နတ်ပြဟ္မာ
ဟောကြားဘိဓမ္မာ
သုံးလရှည်ကြာ လူ့ပြည်တွက်
နတ်သက် ဤမျှထွက် ။

* တာဝတိံသာရက် တွက်ကြည့်ရာ
သုံးပြန် လေးဗီဇနာ
ရက်ကိုးဆယ်မှာ လူ့ပြည်က
တစ်ဝါတွင်း ဆိုကြ ။

* ထူးခြားလှတဲ့ ဝါကျွတ်ခါ
စောင်းတန်း သုံးသွယ်ဖြာ
နတ်ပြဟ္မာတွေ ဝန်းရံခ
သက်သေ မြို့ကြွ ။

* ရောင်စုံလှပ မီးထိန်ဝါ
ပူဇော်များသတ္တာ
နို့ဖိုးဆပ်ကာ ပြန်ကြွရွှေ့
အဘိဓမ္မာ အခါတော်နေ့ ။ ။

ရွှေမင်းသား(စစ်ကိုင်း)



## သတင်းပဒေသာ

### ပုံပြင်ပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတတိုးပွားလာစေရန်အတွက် အသိပညာပေး လုပ်ငန်းများစွာ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၌ ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေး ၁၅ ဦးက မိမိတို့ ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲကိုလည်းကောင်း၊ "တန်ဖိုးကိုယ်စီ" စာအုပ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ပြုလုပ်

စစ်ကိုင်းမြို့တွင် (၃၃)ကြိမ်မြောက်၊ အပြည်ပြည်ဆိုင်ရာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် အကြိုအားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ မျက်မမြင်ကျောင်းတွင် ပြုလုပ်ရာ ပြိုင်ပွဲတွင် သီချင်းဆို၊ စစ်တုရင်၊ စာဖတ်စွမ်းရည်၊ လမ်းလျှောက်၊ ဂိမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးပြီး ပြိုင်ပွဲအသီးသီးသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ကြည့်ရှုအားပေးခဲ့ပြီး ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄ ခုနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးကြမည့် တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက စတင်ထုတ်ချေးပေးလျက်ရှိသည်။ ဆောင်းသီးနှံထုတ်ချေးရန်ကာလမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာမှ ဒီဇင်ဘာလကုန်အထိဖြစ်ပြီး ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၃၈ ဦးအား ဆောင်းသီးနှံထုတ်ချေးငွေကျပ် ၂၂၄ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့၌ စာရင်းကောက်၊ စာရင်းစစ်အဖွဲ့များက အောက်တိုဘာ ၁ ရက်မှစတင်၍ စာရင်းကောက်ယူခဲ့ကြရာ ယမန်နေ့နံနက်ပိုင်းတွင် နောက်ဆုံးစာရင်းကောက်ယူရန်ကျန်ရှိသည့် မုန်းဒါးကျေးရွာအုပ်စုရှိ မုန်းဒါးကြီးကျေးရွာ၊ မုန်းဒါလေးကျေးရွာ၊ ဂျင်းရဲကျေးရွာနှင့် မတောင့်တကျေးရွာတို့၌ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ နမ့်ခုတ်ကျေးရွာတွင် ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံများ ပြန်လည်ကုစားနိုင်ရန် နည်းပညာပေးဆွေးနွေးခြင်းနှင့် ရေကြီးနစ်မြုပ်ခဲ့သည့် သီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် နမ့်ခုတ်ကျေးရွာအုပ်စု၊ နမ့်ခုတ်ကျေးရွာ နည်းပညာပေးစင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဟာလောကရံသီအိမ်တော်ရာစေတီတော် (၁၇၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ရေစက်ချအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ ၁၂၀၉ ခုနှစ်တွင် အမရပူရစတုတ္ထနန်းစံ ပုဂံမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး၏ (၁၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းတော်ကြီးလောင်းလှူပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီက အဆိုပါ စေတီတော် အရှေ့ဘက်ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့နာယက သီဟသုဓမ္မဇောတဓရ ဦးချစ်ထွန်း၊ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ စေတီတော်အားလက်ယာရစ်လှည့်လည်ပူဇော်ကာ မြတ်စွာဘုရားရှင်အား ဆွမ်းတော်ကြီး ကပ်လှူပူဇော်သည်။ ထို့နောက် ပင့်သံဃာတော် အပါး ၆၀၀ ကို ဆွမ်းသပိတ်လုံးနှင့် တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

၎င်းနောက် ရေစက်ချ အခမ်းအနားကို ဂေါပကအဖွဲ့ရုံးတွင် ဆက်လက်ကျင်းပခဲ့ရာ မိုးကောင်းတိုက် တိုက်အုပ်ဘာဂျာကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ၊ မိုးကောင်းတိုက်၊ ဒိုက်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မိုးကောင်းတိုက်၊ အလယ်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မဓီပတျာလင်္ကာရတို့ အမှူးပြုသော ဆရာတော် ကိုးပါး ကြွရောက်တော်မူကြပြီး အလယ်ရွှေကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်မြတ်များကို ရိုသေစွာ နာယူကြည်ညိုသည်။

ဆက်လက်၍ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေသည်။

ယင်းအခမ်းအနားသို့ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၇၂)**




## ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံးသို့ အသင်းသားများအတွက် ပုဆိုးများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ ဦးစီးသည့် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း(မန္တလေး)သို့ အသင်းသားများ ဝတ်ဆင်ရန် တန်ဖိုးငွေကျပ် သုံးသိန်းရှိ ပုဆိုး၊ ထမိန် အထည် ၃၀ အား ယမန်နေ့က အသင်းရုံးသို့ လာရောက်လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အလှူရှင်မှာ ဦးစိုးနိုင်(ခ)ဦးအောင်စိုးနိုင်(တရားလွှတ်တော်ရှေ့နေ)+ဇနီး ဒေါ်နှင်းနှင်းအေး(မိသားစု)တို့က လှူဒါန်းကြပြီး ဦးစိုးနိုင်သည် အဆိုပါ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းနှင့် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ၏ အသင်းဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ကဆ)**

## ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံးသို့ ဘုရား၊ ပဒေသာပင်နှင့် အပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကအဖြစ် ဦးစီးဆောင်ရွက်နေသည့် ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သော နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသများအတွက် အလှူရှင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်နေ အဖေကြီး ဦးသာမြိုင်+ အမေကြီး ဒေါ်နု၊ ဖေဖေ ဦးထွန်းမြင့်၊ ဦးလေး ဦးနန်းဝေ၊ ညီမလေး မကြည်ကြည်သိမ့်တို့အား ရည်စူး၍ ဒေါ်တင်တင်အေး၊ (သမီး) မဖြိုးဖြိုး မိသားစုက ဘုရားသုံးဆူ၊ သစ်ပင် ခြောက်ပင်၊ ကထိန်ပဒေသာပင် နှစ်ပင်၊ စုစုပေါင်း ငွေကျပ် ၅၂၅၀၀၀ ကို ယမန်နေ့က ပေးအပ်လှူဒါန်း ကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အလားတူ ပဒေသာပင်တစ်ပင်ကို ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့် မန္တလေးမြို့နေ အလှူရှင် ဦးကုလား၊ ဒေါ်ခင်သိန်းတို့ကို ရည်စူး၍ ဒေါ်အေးအေးနှင့်မောင်နှမတစ်စုက ပဒေသာပင် တစ်ပင်၊ နေပြည်တော်နေ အလှူရှင် ဒေါက်တာကျော်ကျော်အောင်+ ဒေါ်မိမိခိုင် မိသားတစ်စုက ပဒေသာပင် တစ်ပင်၊ မွန်ပြည်နယ် (မဒုံးတိနိ)သာသနာပြုအဖွဲ့က (၁၇)ကြိမ်မြောက် ကထိန်အတွက် ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဒေါက်တာ ဒေါ်ခင်ဝင်းဝင်း မိသားစုက (၁၇)ကြိမ်မြောက် ကထိန်တော်အတွက် ပဒေသာပင် နှစ်ပင် အသီးသီး လှူဒါန်းကုသိုလ်ပြုကြောင်း သိရသည်။

**(ကဆ)**




မျက်စိလျှကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်း။

# သီတင်းကျွတ်လနှင့် မြန်မာ့ဓလေ့ပွဲတော်များ



### ဝါလကင်းလွတ် သီတင်းကျွတ်

ကျွန်ုပ်တို့ မြန်မာလ ၁၂ လရှိသည်တွင် နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ မိုးဥတုလေးလ ကျော်လွန်သည်နှင့် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြီးမြောက်မည့် သီတင်းကျွတ်လသို့ ရောက်ပေသည်။ ဝါဆိုလပြည့်ကျော် ၁ ရက်မှ စတင် ဝါဆိုဝါကပ်တော်မူကြသော ရဟန်းသံဃာတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးမြောက်ကြသည်။ မိုးလေလည်း တဖြည်းဖြည်း နည်းပါးကင်းစင်လာလေ့ရှိသည်။

ဝါတွင်းလေးလရှိသည့်အနက် ပြီးခဲ့သည့် ဝါဆိုလ ရာသီဥတု အတော်ဆိုးသည်။ မုတ်သုန်လေနှင့်အတူ ဝင်လာတတ်သည့် လေဖွေလေလှိုင်းတို့သည် ဘင်္ဂလားပင်လယ်အော်တွင်းဖြစ်တတ်ပြီး မြန်မာနိုင်ငံတွင်းသို့ အဖျားခတ်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ တောင်တရုတ်ပင်လယ်ပြင်မှ တိုင်ဖွန်းမုန်တိုင်းတချို့မှာ နယ်ကျော်ပြီး နိုင်ငံ့အရှေ့ပိုင်းမှ အလယ်ပိုင်းသို့ သည်းထန်ကြမ်းတမ်းစွာ ဝင်ခဲ့သည်။ တိုင်ဖွန်း မုန်တိုင်းကြီး 'ရာဂီ'ကြောင့် သေကျေပျက်စီးခဲ့ကြရသည်။ ယခု သီတင်းကျွတ်လဆန်းမှာပင် တိုင်ဖွန်းမုန်တိုင်း 'ကရက်သွန်'၏ အကြွင်းအကျန်များ တိုက်ခတ်ခဲ့သေးသည်။

သို့သော် မြန်မာတို့သည် ရာသီဥတုကို အန်တုကာ ရိုးရာမပျက်၊ ကုသိုလ်မပျက် ဗုဒ္ဓပူဇနီယပွဲတော်များ စတင်ကျင်းပခဲ့ကြသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ ၃ ရက် ဆွမ်းတော်ကြီးကပ်လှူပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် စန္ဒာမုနိဘုရားပွဲ၊ ကုသိုလ်တော်ဘုရားပွဲနှင့် ကျောက်တော်ကြီးဘုရားပွဲတော်ကို လဆန်း ၈ရက်တွင် စတင်သော်လည်း လဆန်း ၁ ရက်မတိုင်မီမှာပင် ဈေးတန်းများဖြင့် စည်ကားလျက်ရှိနေလေပြီ။

### သီတင်းကျွတ်လ

မြန်မာတို့သည် တစ်နှစ်တာကာလကို ၁၂ လ သတ်မှတ်ထားရှိရာ သီတင်းကျွတ်လမှာ ခုနစ်လမြောက် ရက်မစုံလ ဖြစ်သည်။

၁၃၈၆ ခုနှစ် တော်သလင်းလသည် ခရစ်နှစ် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် လကွယ်သဖြင့် သီတင်းကျွတ်လသည် အောက်တိုဘာ ၃ရက်၊ ကြာသပတေးနေ့မှ ၃၁ ရက် ကြာသပတေးနေ့ လကွယ်နေ့အထိ ဖြစ်သည်။ အောက်တိုဘာ ၁၇ ရက်၊ ကြာသပတေးနေ့တွင် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအတွက် ရုံးအလုပ်ပိတ်ရက် ၃ ရက် သတ်မှတ်ပေးထားသည်။ စနေ၊ တနင်္ဂနွေနေ့တို့နှင့် ဆက်သွားသဖြင့် အပန်းဖြေရက် ငါးရက်ရှိကြသည်။

မြန်မာအဘိဓာန်ကျမ်းတွင် ဖော်ပြထားသည့် ဆယ်နှစ်လရာသီအရပ်၊ ပွဲ၊ ပန်း၊ နက္ခက်ပြဇယားအရ သီတင်းကျွတ်လ၏ ရာသီမှာ 'တူရာသီ' ဖြစ်သည်။ ရာသီပွဲမှာ 'မီးမြင့်မိုရ်ပွဲ'၊ ရာသီပန်းမှာ 'ကြာပန်း'ဖြစ်ပြီး၊ စန်းယှဉ်နက္ခတ်မှာ 'အဿဝဏီ' နက္ခတ်ဖြစ်ကြောင်း ဖော်ပြထားသည်။

သီတင်းကျွတ်လ၏ မြန်မာ့ရိုးရာပွဲတော်မှာ 'မီးမြင့်မိုရ်ပွဲတော်'ဖြစ်သည်နှင့်အညီ မြို့တိုင်း၊ ကျေးလက်တောရွာတိုင်းတွင် မီးထွန်းပွဲများပြုလုပ်ကြသည့်အပြင် ဘုန်းတော်ကြီးကျောင်းများတွင် ပဝါရဏာပွဲများနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကိုလည်း ပြုလုပ်လေ့ရှိသည်။

### အဘိဓမ္မာတရား

ဗုဒ္ဓဂေါတမမြတ်စွာဘုရားပွင့်တော်မူစဉ်ကာလ မဟာသက္ကရာဇ် ၁၀၉ ခု၊ ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် နတ်ပြည်တွင် သန္တုသိတနတ်သားအသွင်ရောက်နေသော 'ကျေးဇူးရှင် မယ်တော်မာယာဒေဝီ' မိနတ်သားအား 'အဘိဓမ္မာတရားတော်'ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန် သာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော စကြဝဠာများစွာမှ လာရောက်၍ တရားတော်နာကြားကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလကာလပတ်လုံး နေ့ညမမှု တရားဟောတော်မူရာ တရားနာသူနတ်ဗြဟ္မာတို့သည်လည်း ကျွတ်ထိုက်သူများဖြစ်၍ သောတာပန်ဖြစ်သွားကြလေသည်။

ထိုသို့ မြတ်စွာဘုရားရှင် ဝါတွင်းသုံးလလုံးလုံး နတ်ပြည်၌ တရားဒေသနာဟောကြားရခြင်းမှာလည်း လူ့ပြည်ရွာ၏ အချိန်ကာလနှစ်ပေါင်း တစ်ရာသည် နတ်ပြည်၏ အချိန်ကာလတွင် တစ်ရက်မျှရှိသည်ဖြစ်ရာ နတ်ဗြဟ္မာတို့အနေဖြင့် အချိန်ကာလခဏမျှပင် ဖြစ်သော်လည်း ဘုရားရှင်မှာ လူသားဖြစ်၍ ဝါတွင်းသုံးလပတ်လုံး နေ့၊ ည ဟောကြားရသည်။ နေ့ဘက်တရားဟောချိန်အတွင်း ဆွမ်းခံရန်အတွက် ဘုရားရှင်နှင့် ထပ်တူထပ်မျှတူညီသည့် နိမ္မိတကိုယ်ပွားတော်ကို ဖန်ဆင်း၍ ဤမျှအတိုင်းအတာ--တရားဆက်ဟောကြားရန် အဓိဋ္ဌာန်ပြုခဲ့ရသည်။ ထို့နောက်မှ လူ့ပြည်သို့ ဆင်းတော်မူ၍ အနောတတ်ရေအိုင်၌ ကိုယ်လက်သန့်စင်တော်မူပြီး ဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံပြီးနောက် အနောတတ်ရေအိုင်ဆိပ်ကမ်းတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက်မှ စန္ဒကူးနံ့သာတောသို့ ကြွရောက်ကာ ရှင်သာရိပုတ္တရာမထေရ်အား နတ်ပြည်တွင် ဟောကြားထားသည့်အတိုင်း တရားတော်ကို အကျဉ်းချုပ်၍ ပြန်လည် ဟောကြားတော်မူသည်။

အရှင်သာရိပုတ္တရာမထေရ်ကလည်း မိမိ၏တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ် ပြန်လည်ဟောကြားခဲ့ရာ ထိုတရားဦးတရားမြတ်မှာ 'အဘိဓမ္မာတရားတော်'ပင် ဖြစ်သည်။ ပိဋကတ်တော်ဝင်ဖြစ်သည့် ဤအဘိဓမ္မာတရားတော်အား နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း 'အဘိဓမ္မာအခါတော်နေ့' ကျင်းပကာ တရားဒေသနာတော်များ ရွတ်ဖတ်ခြင်း အဓိပ္ပာယ် ဖွင့်ဆိုဟောကြားခြင်း အဘိဓမ္မာအမေးအဖြေပြုလုပ်ခြင်းတို့ ကျင်းပမြဲဖြစ်သည်။

### ပဝါရဏာပွဲတော်

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်း၊ သံဃာတော်တို့သည် ဘုရားရှင်၏ ဝိနည်းတော်အရ 'ပဝါရဏာပွဲ' ပြုလုပ်လေ့ရှိသည်။ ပဝါရဏာ ဟူသည်မှာ 'ဖိတ်ကြားခြင်း'၊ 'တောင်းပန်တိုက်တွန်းခြင်း' အဓိပ္ပာယ်သက်ရောက်သည်ဖြစ်၍ 'ပဝါရဏာ' ပြုသည့် ရဟန်းက သံဃာတော်တို့အား 'တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ အပြစ်ကိုမြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ သံသယရှိ၍သော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်'ဟူ သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရသည်။ ကြွရောက်သည့် သံဃာတော်များ အစဉ်အတိုင်း တစ်ပါးစီ ပြောကြားကာ သာဓု ခေါ်ကြရသည့်ပွဲ ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းများတွင် နှစ်စဉ်ပြုလုပ်လေ့ရှိသည့် ပဝါရဏာပွဲ ဖြစ်သည်။

### မီးထွန်းပွဲတော်

မြန်မာဗုဒ္ဓဘာသာတို့သည် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း မီးထွန်းပွဲတော်ပြုလုပ်မြဲ ဖြစ်သည်။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါဆိုဝါကပ်ပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်လည်ကြွတော်မူရာ ရှင်ဘုရင်များခေါင်းဆောင်သည့် လူပရိသတ်အပေါင်းက ဆီမီး၊ ပန်းနံ့သာ၊ ရေချမ်းတို့ဖြင့် ပူဇော်သည်ကို အထိမ်းအမှတ်ပြု၍ မီးထွန်းပွဲ ဆီမီးပူဇော်ပွဲများ ခြိမ့်သဲကျင်းပကြခြင်း ဖြစ်သည်။

### သီတင်းကျွတ်ပွဲတော် နွဲပျော်ကြစို့

သီတင်းကျွတ်လဆန်းပိုင်းတွင် မိုးလေအကြွင်းအကျန်များကြောင့် မိုးရွာလေ့ရှိသော်လည်း သီတင်းကျွတ်လပြည့်ကျော်သည်နှင့် မိုး၊ လေ ကင်းစင်ကာ ဆောင်းဦးပေါက်ရောက်သည်။ အထင်ကရစေတီတော်ကြီးများဖြစ်သည့် ရန်ကုန်ရွှေတိဂုံစေတီတော်၊ ပုဂံညောင်ဦးရှိ ရွှေစည်းခုံစေတီတော်၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မန္တလေးမဟာမုနိရုပ်ရှင်တော်နှင့် စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရားပွဲတော်တို့မှာ ကြက်ပျံမကျစည်ကားစွာ ကျင်းပပြုလုပ်ကြရန် စီစဉ်ထားကြသည်။ သာယာသည့် ရာသီဥတုတွင် တိုင်းသူပြည်သားအားလုံး ရွှင်ပြုံးစွာဖြင့် ဘုရားဖူးရင်း ပျော်ရွှင်သုခရကြပါစေကြောင်း ရေးသား အပ်ပါသည်။

**ဆရာစန်း(မန်းမြို့သစ်)**



# ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားပွဲတော် ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေး စစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတောင်ခြေတွင် ကျင်းပလျက်ရှိသော ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားပွဲတော်တွင် ဈေးရောင်းသည့် ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးစစ်ဆေးခြင်းများကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် အောင်မြေသာစံမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်မြောက်ရေးတာဝန်ရှိသူများ၊ ပွဲတော်လုံခြုံရေးအဖွဲ့များနှင့်အတူ မီးအသုံးပြုသည့် ဈေးဆိုင်ခန်းများအနေဖြင့် မီးအသုံးပြုမှု စနစ်တကျရှိစေရေး စစ်ဆေးကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးကြကြောင်း သိရသည်။

(အောက်ပုံ) (၀၉၃)





# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရုံသင်တန်းဖွင့်လှစ်

**ရေနံချောင်း အောက်တိုဘာ ၁၆**

၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် သမဝါယမဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရေနံချောင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရုံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ဖွင့်လှစ်ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ဦးစီးမှူး ဒေါ်မေသက်နိုင်မှ အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရုံသင်တန်း ဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ပန်းရုံသင်တန်းကို အောက်တိုဘာ ၁၄ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

# ဂုဏ်မင်းအင်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇမ္ဗူသီရိ အောက်တိုဘာ ၁၆**

နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဂုဏ်မင်းအင်းကျေးရွာ၌ အငှမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ချေးငွေအတိုးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဂုဏ်မင်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၆ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၆ဦးကို အငှမအကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၄၆ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)





# မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း(SMART Village) ရန်ပုံငွေဖြင့် ရေဖြူကျေးရွာအုပ်စု၊ မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မုဆိုးရင်ခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြ ကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် ဩဂုတ် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

# ရွာငံမြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွာငံ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၌ ပြည်သူများ ပူးပေါင်းပါဝင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီက မြို့အဝင်ဆိုင်းဘုတ်လမ်းဘေးဝဲယာ၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မြို့အဝင်ဆိုင်းဘုတ် လမ်းဘေးဝဲ၊ ယာရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေမြောင်းများ၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အမှိုက်များကို စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၃၃၈)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Aamir Khan က Laapataa Ladies တွင် ထုတ်လုပ်သူဖြစ်ခဲ့



ဟင်ဒီစကားပြော ရုပ်ရှင် Laapataa Ladies တွင်အမီရ်ခန်း ပါဝင်ရန် ရွေးချယ်ခံခဲ့ရပြီးမှ ဇနီးသည် ဒါရိုက်တာ ကီရမ်ရိုက ငြင်းပယ်ခဲ့၍ ထုတ်လုပ်သူအဖြစ် Jio Studio က ပူးတွဲထုတ်ခဲ့ခြင်း ဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမျိုးသမီးဒါရိုက်တာ ကီရမ်ရို အမီရ်ခန်း၏ ဇနီးသည်က ရိုက်ကူးထားသော အဆိုပါ ဇာတ်ကားမှာ အိန္ဒိယရူပီငါးကုဋေဝန်းကျင်သာ အသုံးပြုထားပြီး တိုရန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ရလဒ်ကောင်းရရှိထားကာ ဝင်ငွေကို ၂၅ ကုဋေ ရရှိခဲ့သည်။

ဒါရိုက်တာက အမီရ်ခန်း၏ သရုပ်ဆောင်ပါဝါနှင့် နာမည်အရှိန်က ဇာတ်လမ်း၏အနှစ်သာရကို ပျက်စီးထိခိုက်မည် စိုးရိမ်သဖြင့် ထုတ်လုပ်သူအဖြစ် တာဝန်ယူစေကာ ရာမီလီရှမ်း၊ နီတန်ရှီဂိုအယ်၊ တာဝန်ယူစေကာ ရာမီလီရှမ်း၊ နီတန်ရှီဂိုအယ်၊ ဆပရာရှ်ရှရီဗာစ်တာမီးတို့နှင့် ရိုက်ကူးခဲ့သည်။ **SKY**

## Armie Hammer က ထူးခြားသောအကြောင်းပြချက်နှင့် ကားရောင်းခဲ့



နာမည်ကျော်ဟောလီဝုဒ် အနုပညာရှင် အာရ်မီဟမ်မာသည်သူစီးနင်းအသုံးပြုနေသည့် ထရပ်ကားကြီးကို ထူးခြားသည့် အကြောင်းပြချက်နှင့် ရောင်းချလိုက်သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်မီဟမ်မာက အဆိုပါထရပ်ကားအနက်ရောင်ကို ၂၀၁၇ ခုနှစ်ကတည်းက ဝယ်ယူစီးနင်းခဲ့ပြီးနောက် ဆီဖိုးမတတ်နိုင်ရာ ရောင်းချလိုက်ပြီဖြစ်ကြောင်း သူ၏အင်စတာဂရမ်စာမျက်နှာတွင် ဗီဒီယိုတစ်ပုဒ်နှင့်ချပြခဲ့သည်။

အမေရိကန်နိုင်ငံ လော့စ်အင်ဂျလိစ်မြို့တွင် ဆီဈေးမြင့်မားနေ၍ ဆီစားသက်သာသည့် Hybird ကားတစ်စင်းကို အစားထိုးဝယ်ယူထားကာ တစ်လလျှင် ဆယ်ဒေါ်လာဖိုးသာ ထည့်ရသည်ဟု ပြောကြားခဲ့သည်။

အာရ်မီဟမ်မာ၏ ဘိုးဘေးတစ်ဦးဖြစ်သည့် အာမက်ဟမ်မာမှာ ၁၉၅၀ ကာလက စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့ကာ အာရ်မီဟမ်မာက Call Me By Your Name, The Social Network နှင့် The Man From Uncle တို့တွင် ပရိသတ်အားပေးမှုရရှိထားသည့် အနုပညာရှင်ဖြစ်သည်။ **SKY**

## Selena Gomez ၏ ဘဝဖြတ်သန်းမှုပုံရိပ်များထွက်ရှိလာ

ကမ္ဘာကျော်ဂီတအနုပညာရှင် ဆလီနာဂိုးလ်မက်စ်၏ ဘဝဖြတ်သန်းမှုပုံရိပ်များ ထွက်ပေါ်လာရာ ခက်ခဲကြမ်းတမ်းခဲ့သော်လည်း အသက်အငယ်ဆုံး ဘီလီယံနာအဖြစ် လက်ရှိတည်ရှိနေသည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဆလီနာဂိုးလ်မက်စ် မိဘများသည် အသက် ၁၇ နှစ် အဖေနှင့် ၁၆ နှစ် အမေမှ မွေးဖွားခဲ့ကြပြီး သူ ငါးနှစ်အရွယ်တွင် မိဘနှစ်ပါး ကွာရှင်းခဲ့ကာ မိခင်က အသက် ၂၁ နှစ်နှင့် အလုပ်သုံးခုလုပ်၍ ထောက်ပံ့ပေးခဲ့သည်။သားအမိနှစ်ဦး ကားဆီထည့်ရန် မပြည့်နိုင်၍ လမ်းတွင်အကြိမ်ကြိမ်ထိုးရပ်ခဲ့ပြီး ညစာမစားနိုင်၍ ဈေးသက်သာသည့် ပေါင်မုန့်နှင့်ချိစ်သာစားခဲ့ရကာ ကလေးသရုပ်ဆောင် လူရွေးပွဲတွင် ဝတ်စရာမရှိ၍ ငှားဝတ်ခဲ့ရပြီး အဘိုး၊ အဘွားလက်တွင် ကြီးပြင်းခဲ့ရသည်။

ဆလီနာဂိုးလ်မက်စ်အတွက် မိခင်က ငွေစုပေးပြီး ဂီတပွဲများခေါ်သွားရာမှ အနုပညာဝါသနာပိုးဝင်သွားကာ ၁၅ နှစ်နှင့် မီလီယံနာဖြစ်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် Rare Beauty ကိုယ်ပိုင် Makeup Line တည်ထောင်၍ အသက် ၃၂ နှစ်တွင် ဘီလီယံနာဖြစ်ခဲ့ပြီး ရီဟားနားနှင့် တေလာဆွစ်တို့က ၃၃ နှစ်မှ ဘီလီယံနာဖြစ်၍ သူက အသက်အငယ်ဆုံး ဘီလီယံနာဖြစ်ခဲ့သည်။ **SKY**





## Lee Honey နှင့် Song Hye Kyo တို့ Business တွင် အတူတွေ့ရမည်

တီဗွီအင်န်၏ ဒရမ်မာဇာတ်ကားတွင် ဘိတ်ဆန်းအနုပညာဆုရှင် လီဟိုနီနှင့် ဆောင်းဟေကိုတို့အပြင် နာမည်ကြီးအနုပညာရှင်များ ပါဝင်ထားကာ Business ဟု အမည်ပေးထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာကျော်အနုပညာရှင်နှစ်ဦးဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် အကောင်းဆုံးမင်းသမီးဆုရှင် လီဟိုနီနှင့် ဆောင်းဟေကိုတို့အပြင် မင်းစာချစ်သူမင်းသား ဂေါင်ယိုတို့ ယင်းကားတွင် ပါဝင်ထားကြသည်။ ဒါရိုက်တာ လီယွန်ဂျောင်း၊ ဇာတ်ညွှန်းနီဟီကွမ်တို့၏ ဖန်တီးမှုလက်ရာဖြစ်သည်။ **SKY**



## လူ၏အနံ့ခံအာရုံ မြန်ဆန်လွန်းပုံကိုသိနားလည်ရန် တရုတ်နိုင်ငံမှ သုတေသီများ စူးစမ်းလေ့လာ



လူ၏အနံ့ခံအာရုံ မြန်ဆန်လွန်းပုံကိုသိနားလည်ရန် တရုတ်နိုင်ငံမှ သုတေသီများ စူးစမ်းလေ့လာခဲ့ရာ မကြာသေးမီက ထူးခြားသောရလဒ်များ တွေ့ရှိခဲ့ကြောင်း နေးချားလူ့အပြုအမူ သိပ္ပံဂျာနယ်တွင် ဖော်ပြသည်။ ပေကျင်းအခြေစိုက် တရုတ်သိပ္ပံပညာရပ်များတက္ကသိုလ် စိတ်ပညာဌာနမှ ဒေါက်တာကျူဝင်ဦးဆောင်သော သုတေသီများသည် လူပေါင်း ၂၂၉ ဦးတို့၏ အနံ့ခံအာရုံအသီးသီးကို ဖမ်းယူမှတ်တမ်းတင်ပြီး နှိုင်းယှဉ်လေ့လာခဲ့ကြခြင်း ဖြစ်သည်။

လူသည်မည်သည့်အနံ့အသက်ကိုမဆို ၁၈မီလီစက္ကန့်အတွင်း ခွဲခြားလက်ခံသိရှိနိုင်ကြောင်း ယင်းတရုတ်သုတေသီများ ဖော်ထုတ်တွေ့ရှိခဲ့သည်။ ကွဲပြားသောအနံ့အသက်နှစ်ခုကို လျှပ်တစ်ပြက်အတွင်း ခွဲခြားနိုင်ပုံနှင့်ပတ်သက်၍ ဖော်ထုတ်တွေ့ရှိချက်ကို အခြားသုတေသီများ စိတ်ဝင်စားနေသည်ဟု ဦးဆောင် ဒေါက်တာကျူဝင်က ရှင်းလင်းပြောကြားကြောင်းသိရသည်။ **SCI**

## Big Bang အဖွဲ့ဝင်ဟောင်း Kim Taehyung ကမ္ဘာကျော် Forbes မဂ္ဂဇင်းတွင် အချမ်းသာဆုံးအနုပညာရှင်စာရင်းဝင်



ဘစ်ဘန်အဖွဲ့ဝင်ဟောင်း ကင်တေယောင်းသည် ဆင်းရဲနွမ်းပါးသော ကောင်လေးဘဝမှ ကမ္ဘာကျော်အဖြစ်သို့ ရောက်ရှိလာကာ ကမ္ဘာကျော်မဂ္ဂဇင်း Forbes ဖော်ပြချက်အရ အချမ်းသာဆုံး ကိုရီးယားအနုပညာရှင်စာရင်းဝင်ဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်တေယောင်း၏ အနုပညာခရီးလမ်းတွင် အခက်အခဲပေါင်းများစွာ နာကျင်မှုပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရကာ အသက် ၁၃ နှစ်နှင့် စီးပွားရေးကပ်ကြားမှ မိသားစုကို ကယ်တင်ရန် ဆိုးလ်မြို့တက်လာကာ ပြိုင်ပွဲများစွာပြိုင်ရင်း ဟစ်ဟော့ပ်အမ်တီဘီတွင် ရက်ပ်ပါအဖြစ် သရုပ်ဆောင်ခွင့်ရကာ အောင်ဂျင်စီ၏ စီအီးအိုထံ အဆိုတော်အဖြစ် လက်ခံရန် တောင်းဆိုခဲ့ပြီး အတူခက်ခဲမှုများကို ရန်းကန်ကျော်ဖြတ်ခဲ့ချိန် အရင်းနှီးဆုံးသူငယ်ချင်းဖြစ်လာမည့် ဂျီဒရယ်ဂွန်နှင့်အတူ တွေ့ခဲ့ကြသည်။

သူတို့နှစ်ဦး သာမန်ကလေးများကဲ့သို့ ကျောင်းသားဘဝမရခဲ့ဘဲ ငယ်ဘဝအမှတ်တရအားလုံးမှာ နှစ်ဦးတည်းသာရှိခဲ့ရာမှ ရက်ပ်ပါတစ်ဦးရောက်လာပြီး ၂၀၀၆ ခုနှစ်တွင် ဂျီဒရယ်ဂွန်၊ ကင်တေယောင်း၊ တော့ပ်တို့ နှနယ်သည့် ဆယ်ကျော်သက်ဘဝတွင် ရင့်ကျက်စွာနှင့် အခက်အခဲဒုက္ခများကို ကျော်ဖြတ်ကာ ဘစ်ဘန်နှင့်ပွဲဦးထွက်ခွင့်ရပြီး အောင်မြင်ခဲ့ရာမှ ကေပေါ့ပ်လောက၏ လေးစားရသည့် အနုပညာရှင် အချမ်းသာဆုံး ကိုရီးယားအနုပညာရှင်ဖြစ်ခဲ့သည်။ **SKY**

## Song Hye Kyo ကမ္ဘာ့လူချစ်ခင်မှုအများဆုံး သရုပ်ဆောင်စာရင်းတွင် ပါဝင်

ဆောင်းဟေကို အပါအဝင် ကိုရီးယားသရုပ်ဆောင်အနုပညာရှင် ငါးဦးကို Korean Ministry of Culture, Soprt and Tourism မှ ထုတ်ပြန်သည့် ကမ္ဘာ့လူချစ်ခင်အများဆုံးစာရင်းတွင် နှစ်စဉ် ဆောင်းဟေကို ပါဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းတွင် ၂၀၂၄ ခုနှစ်အတွက် Overseas Hallyu Survey ၏ ကမ္ဘာပေါ်ရှိ လူချစ်လူခင်အများဆုံး သရုပ်ဆောင်စာရင်းတွင် လီမင်ဟို၊ ဟွမ်ဘင်း၊ ဆောင်းဟေကို၊ ဂေါင်ယိုနှင့် လီဂျောင်ဆွတ်တို့ ပါဝင်ကြသည်။

ဆောင်းဟေကိုတစ်ဦးတည်းသာ ယင်းစာရင်းတွင် နှစ်စဉ်ပါဝင်ထားသည်ကို မြင်တွေ့ကြရ၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ **SKY**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို…

❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ် …

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက်

စာမျက်နှာ ၁၉ သို့ ◆

## မြန်မာ့မီးရထားက အများပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လူစီးရထားများ အချိန်မှန်ကန်ရေး၊ သွားလာမှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများ ဖြစ်သည့် ရန်ကုန် - မန္တလေးလမ်းပိုင်း၊ ရန်ကုန် -ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့် လမ်းပိုင်းများတွင်

စာမျက်နှာ ၁၉ သို့ ○




## Empowering Girls On and Off Field Workshop ကျင်းပပြုလုပ်

အမျိုးသမီးကစားသမားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး Empowering Girls On and Off Field Workshop ကို အောက်တိုဘာ ၁၅ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသမီးဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်စောဦးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၂၀အသင်းနှင့် YREO အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ရှေးဦးစွာ အမျိုးသမီးဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်နှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်စောဦးတို့က အမှာစကားအသီးသီး ပြောကြားခဲ့သည်။

ယင်းနောက် (1)Mental Discipline, Team Work, Self Improvement (2) Women Empowerment (3)Injury Prevention and Recovery (4)Stretching and Nutrition (5)Leadership and Confidence စသည့် ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာအလိုက် ပညာရှင်များက ဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် Mental Health, Leadership and Confidence ခေါင်းစဉ်ဖြင့် Panel Discussion ပြုလုပ်ခဲ့ရာ ပညာရှင်များဖြစ်သည့် ဒေါ်နီနီရွှေဝင်း၊ ဒေါ်အိအိခင်တို့နှင့်အတူ မြန်မာ့လက်ရွေးစင်အမျိုးသမီးကစားသမားများဖြစ်သည့် ခင်မာလာထွန်းနှင့် စန်းသော်သော်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်ကစားသမား ယွန်းမီမီလွင်တို့က ဆွေးနွေးမှုပြုလုပ်ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

Empowering Girls On and Off Field Workshop အား အမျိုးသမီးဘောလုံးကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးဌာနတို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(NGB)